www.burmeseclassic.com

BURMESE CLASSIC

# တွယ်တာသူ့တေး

သွန်းနေစိုး

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ် ရိုက်နှိပ်ခြင်း (၂၀၀၅ ဩဂုတ်လ)၊ အုပ်ရေ (၅၀၀)
စာမူခွင့်ပြုချက်အမှတ် [ ] နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ] တို့အရ
ဦးကျော်ဝဏ္ဏ (ယာယီ ၆၅၇) နတ်သမီးစာပေ၊
အမှတ် (၁၆၄)၊ အခန်း (၂၆)၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မှ ထုတ်ဝေပြီး
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ဦးဇော်မြင့်ဝင်း (၀၆၈၂၁)
ကာလာဒုံပုံနှိပ်တိုက် (၁၈၄/ဘီ)၊ ၃၁-လမ်း၊ ရန်ကုန်တွင် ပုံနှိပ်သည်။

တန်ဖိုး (၇၅၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# တွယ်တာသူ့နတ်သား

သွန်းနေစိုး

www.burmeseclassic.com

www.burmeseclassic.com

## စကား

ကျွန်တော့်ဘဝမှာ ချစ်သူနှစ်ယောက် ရှိခဲ့ဖူးပါတယ်။
နှစ်ယောက်လုံးကို ကျွန်တော် အရမ်းချစ်ခဲ့တယ်။
နှစ်ယောက်လုံးက ကျွန်တော့်ကို သစ္စာဖောက်
သွားခဲ့တယ်။

သူတို့က ကျွန်တော့်ကို တူညီတဲ့စကားတစ်ခွန်း ပြောခဲ့ဖူးပါတယ်။

"ရှင်ဟာအရူး" တဲ့။

သူတို့ပြောတာ မှန်ကောင်းမှန်ပါလိမ့်မယ်။

ကျွန်တော်ဟာ သာမန် လူကောင်းတစ်ယောက် လိုက် မမီနိုင်အောင် တွယ်တာလွန်းခဲ့တယ်။ လူသား တစ်ယောက် ချစ်နိုင်သမျှ အဆုံးထိလည်း အစွမ်းကုန်ချစ်တတ် ခဲ့တယ်။

အခု စာပုဒ်လေးတွေဟာ အဲဒီလို အစွန်းရောက် စိတ်တွေကနေ ပေါက်ဖွားလာခဲ့တာပါ။

ဒီထဲကတစ်ချို့တွေဟာ တကယ့်အဖြစ်အပျက်တွေ ဖြစ်ပါတယ်။ ဒီထဲကတစ်ချို့တွေဟာ တကယ် သက်ရှိထင်ရှား လူတစ်ဦးတစ်ယောက်ကို ရည်ညွှန်းထားတာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီစာတွေအားလုံးအတွက် ပေးထားတဲ့ခေါင်းစဉ်က "တွယ်တာသူ့တေး" တဲ့။

အတွယ်အတာကြီးလွန်းသူတစ်ယောက် ရင်ထဲက ဖွင့်အံထွက်ကျလာတဲ့ မြည်ကြွေးခံစားသံတွေမို့လို့ ဒီနာမည်မျိုးကို ပေးလိုက်ရတာပါ။

တစ်ပုဒ်စီအတွက်လဲ သီးခြားနာမည်တစ်ခုစီ ပေးထားပါသေးတယ်။

ဒီစာတွေဟာ ဘယ်လိုစာအမျိုးအစားတွေဆိုတာတော့ ခွဲခြားရခက်ခဲပါလိမ့်မယ်။

ဝတ္ထုတိုတွေလို့ပြောရအောင်ကလည်း ဒီစာတွေမှာ ဇာတ်လမ်းက ပါးလျားလွန်းနေခဲ့တယ်။

ကျွန်တော့်ရင်ထဲမှာ ခံစားရသမျှတွေကို ရေးစာတ်သလို ချရေးထားတာပါ။

ပြောရရင် ဇာတ်လမ်းထက် စကားပြေအလှအပ (prose writing) ကို ပိုဦးစားပေးထားပါတယ်။

"အိပ်မက်" ဆိုတဲ့ တစ်ပုဒ်နဲ့ "ပုံရိပ်တစ်ခုရဲ့ပုံတူ" ဆိုတဲ့ တစ်ပုဒ်ကတော့ သူများတွေနဲ့ ပေါင်းထုတ်တဲ့စာအုပ်တွေမှာ ပါခဲ့ဖူးပါတယ်။ ကျန်တာအားလုံးဟာ အသစ်တွေချည်းပါပဲ။ ဒီထဲက စာတွေဟာ မဖြစ်နိုင်လောက်အောင် ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် အားလုံးဟာ အစစ်အမှန် ခံစားချက်တွေဆိုတာတော့ ဝံ့ဝံ့စားစား ဝန်ခံချင်ပါတယ်။

ဘာလို့ဆို စွန့်ခွာ သွားလေတဲ့ ကျွန်တော့်ချစ်သူတွေ ပြောခဲ့သလို

ကျွန်တော်ဟာ တကယ်ရူးသွပ်နေတာ ဖြစ်ကောင်း ဖြစ်နိုင်လို့ပါပဲ။

သွန်းနေစိုး

၂၂-၄-၂၀၀၅

www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ


| | | | |
|---|---|---|---|
| တွယ်တာသူ့တေး | (၁) | ကြောင်ကလေး | ၉-၂၀ |
| တွယ်တာသူ့တေး | (၂) | အိပ်မက် | ၂၃-၃၄ |
| တွယ်တာသူ့တေး | (၃) | ပုံရိပ်တစ်ခုရဲ့ပုံတူ | ၃၇-၄၅ |
| တွယ်တာသူ့တေး | (၄) | ပန်းပွင့်ပုံပြင် | ၄၉-၈၄ |
| တွယ်တာသူ့တေး | (၅) | ပင်လယ်ရည်းစား | ၈၇-၉၇ |
| တွယ်တာသူ့တေး | (၆) | အလွမ်းကြွေတဲ့သစ်ပင် | ၁၀၁-၁၀၉ |
| တွယ်တာသူ့တေး | (၇) | မြန်နွာ | ၁၁၃-၁၂၀ |
| တွယ်တာသူ့တေး | (၈) | အချစ်တစ်ခုထဲဖြင့်သာ | ၁၂၃-၁၃၀ |
| တွယ်တာသူ့တေး | (၉) | မင်းကိုငါချစ်တယ် | ၁၃၃-၁၄၂ |
| တွယ်တာသူ့တေး | (၁၀) | ကျွန်တော်နှင့်အချစ် | ၁၄၅-၁၅၄ |


www.burmeseclassic.com

www.burmeseclassic.com



# တွယ်တာသူ့တေး ( ၁ )

ကြောင်ကလေး

www.burmeseclassic.com

www.burmeseclassic.com



# ကြောင်ကလေး

ကျွန်တော့်တွင် ကြောင်ကလေးတစ်ကောင်ရှိပါသည်။ ကြောင်ကလေး၏အမည်မှာ ငဝါလိုင်ဖြစ်ပါသည်။ သူမကို "ငဝါ" ဟုခေါ်လျှင် မျက်စောင်းထိုး၍ ကြည့်တတ်၏။ တစ်ခါ၊ တစ်ရံလည်း မမြင်ယောင်ပြုသွားတတ်ပါသေးသည်။ သူမသည် ကျွန်တော်တို့အိမ်က ကြောင်ကလေးမဟုတ်ပါ။ သို့သော် ကျွန်တော်ပိုင်သော ကြောင်ကလေးဖြစ်ပါသည်။ သူမသည်

www.burmeseclassic.com

www.burmeseclassic.com



လှပသောလမ်းကလေးတစ်ခုထဲတွင်နေ၏။ ထိုလမ်းထဲတွင် လှပသော အိမ်များစွာ စီတန်း၍ ရှိနေကြပါသည်။ သူမ ထိုအထဲက တစ်ခုသောအိမ်ကလေးတွင်နေပါလိမ့်မည်။ သူမတို့ အိမ်ကို ကျွန်တော်မသိပါ။ ထို့အတူ သူမမိဘများကိုလည်း ကျွန်တော်မသိ။ သူမတို့၏ ပိုင်ဆိုင်မှုကိစ္စဂဏန်းများကိုလည်း ကျွန်တော်မသိ၊ သူမစီးသောကား၏ အမျိုးအစားကိုလည်း ကျွန်တော်မသိပါ။ သူမနှင့်ပတ်သက်၍ ကျွန်တော်သိသည်မှာ သူမ၏နာမည်၊ အများဆုံးဝတ်တတ်သည့် အဝတ်အစား၏ အရောင်၊ ဘယ်ဘက်ပါးပြင်ပေါ်မှ မှဲ့ကလေးနှင့် ဘယ်လို အချိန်တွေ ကားမပါဘဲ သူမအပြင်ထွက်တတ်သည်တို့ကိုသာ ဖြစ်ပါသည်။ စတင်ဆုံမိသည်မှ ယခုထိ သူမကို ကျွန်တော် သေသေချာချာ မြင်တွေ့ခွင့်ရသည်မှာလည်း ထိုအချိန်မျိုးတွင် သာ ဖြစ်ပါသည်။

ကြောင်ကလေးသည် အရုပ်မြင့်၏။ မျက်နှာလေး သွယ်နု၏။ သို့သော် ကျွန်တော်နှင့်တွေ့လျှင် ထိုသွယ်နုသော မျက်နှာလေးပေါ်မှာ တင်းမာရိပ်တွေ ဖြာဝေသွားတတ်ပါသည်။ လမ်းထိပ်အုတ်ခုံပေါ်မှနေ၍ သူမကို ညနေတိုင်း လာ, လာ စောင့်ကြည့်တတ်သော ကျွန်တော့်အား သိပ်သဘောကျပုံ မပေါ်ပါ။ တစ်ခါကဆိုလျှင် ကျွန်တော့်ဆီ သူမသူငယ်ချင်းများ

www.burmeseclassic.com



အား မေးငေါ့ပြ၍ လမ်းသူရဲလေးဟု တီးတိုးပြောနေသံကို ကြားခဲ့ဖူးပါသည်။ လမ်းပေါ်မှာ အချိန်ပြည့်ရှိနေတတ်သဖြင့် လမ်းသူရဲဟု ခေါ်ခြင်း ဖြစ်ပေလိမ့်မည်။ သူမ မှားပါသည်။ စာကယ်တမ်း ကျွန်တော့်မှာ ချစ် ခြင်းထံပါး၌သာ အချိန်တိုင်း ရှိချင်သူဖြစ်သဖြင့် အချစ်သူရဲလေးဟု ခေါ်ခြင်းကသာ ပို၍ သင့်လျော်ပါလိမ့်မည်။

သူမက ကောင်းကင်ဆန်သူဖြစ်၏။ ကျွန်တော်က မြေပြင်ဆန်သူ ဖြစ်၏။ ထို့ကြောင့်ပင် လမ်းလျှောက်လျှင် သူမက ခေါင်းမော့ကာလျှောက်တတ်ပြီး ကျွန်တော်ကတော့ ခေါင်းငုံ့ကာသာ လျှောက်တတ်ပါသည်။ သို့သော် တစ်ကြိမ် မှာတော့ ကျွန်တော်တို့ အကြည့်ချင်း ဆုံမိဘူးကြ၏။ ထို တစ်ကြိမ်သည်ပင် ကျွန်တော်တို့၏ စတင်ဆုံဆည်းမှု ဖြစ်ပါသည်။

ရိုးရိုးစင်းစင်းလေးပင်ဖြစ်သည်။ လမ်းထိပ် စာအုပ်အငှားဆိုင်မှ စာအုပ်တွေ တစ်ပွေ့တစ်ပိုက်ငှားပြန်လာသော သူမသည် ကျွန်တော်ထိုင်နေရာ အုတ်ခုံရှေ့၌ ခြေချော်လဲခဲ့၏။ ကျွန်တော် သွားမထူလိုက်ရပါ။ နောက်မှလိုက်လာသော သူငယ်ချင်းမကပြေးလာပြီး "ဟယ် ... ဥဝါရယ်" ဟူသော အာမေဋိတ်သံနှင့်အတူ ပြေးပွေ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမလဲကျစဉ် စာအုပ်များလွင့်စင်သွားရာ၌ တစ်အုပ် ကျွန်တော့်နား ကျခဲ့၏။ သို့သော် ကျွန်တော် မကောက်ယူ လိုက်ရပါ။ ထိုသူငယ်ချင်းမကပင် လာကောက်ယူသွားပါသည်

ထို့ကြောင့် ကျွန်တော့်ကို သူမ ကျေးဇူးတင်စကား ဆိုရန် မရှိပါ။ သို့သော် သူမ ကျွန်တော့်ဆီ တစ်ချက်လှည့် ကြည့်ခဲ့၏။ ထိုအကြည့်သည်ပင် ကျွန်တော့်အတွက် ရက်ပေါင်း များစွာ အိပ်ရေးပျက်စေခဲ့ပါသည်။ အကြည့်တစ်ခုသည် လူ တစ်ယောက်အား ထိုမျှ စွဲလမ်းစေတတ်ပါသလား။ ကျွန်တော် မသိပါ။ သို့သော် ဆံနွယ်ပျော့ပျော့ကလေးများကြားမှ မျက် စောင်းထိုးသလို အကြည့်လက်လက်ကလေးကိုတော့ ထိုနေ့မှ စ၍ ကျွန်တော် လုံးဝ မမေ့နိုင်စွမ်းတော့ပါ။

သူမကို ကြောင်ကလေးတစ်ကောင်နှင့် တူသော ကြောင့် ကြောင်ကလေးဟု ကျွန်တော်ခေါ်ပါသည်။ မည်သည့် အရာက ထိုသို့တူစေသလဲဟု ကျွန်တော်မသိပါ။ ထို့ပြင် ကျွန်တော်က "ကြောင်" လဲ မချစ်တတ်ပါ။ သို့သော် သူမ ကိုတော့ အလွန်ပင်မြတ်နိုးပါသည်။ လောက၌ ကျွန်တော် မြတ်နိုးသည့် တစ်ဦးတည်းသော ကြောင်ကလေးမှာ "သူမ" သာလျှင် ဖြစ်ပါသည်။ ထိုမျှမက ရှိရှိသမျှအရာအားလုံးထက် ကျွန်တော် အမက်မောဆုံးတစ်ခုထဲသော အရာမှာလည်း "သူမ" ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကို တကယ်ပိုင်ဆိုင်ရန်တော့ ဘယ်တုန်းကမှ ကျွန်တော် မကြိုးစားခဲ့ဖူးပါ။ မရနိုင်မှန်းသိနေ၍လည်း ဖြစ်ပါလိမ့်မည်။ သူမကို ကျွန်တော့်ရင်ထဲမှ အိပ်မက်ကလေးတစ်ခုအဖြစ်သာမှတ်ယူဆက်ဆံခဲ့၏။ သူမငှားနေကျ စာအုပ် အငှားဆိုင်တွင် စုံစမ်းသဖြင့် "ငုဝါလှိုင်" ဟူသည့် နာမည်အပြည့်အစုံကို သိခွင့်ရခဲ့သော်လည်း "ကြောင်ကလေး" ဟူသော ကျွန်တော့်ရင်ထဲက အမည်နာမကိုသာ ဆက်လက်သုံးစွဲခဲ့ပါ၏။ ထို့ထက် ပို၍လည်း သူမနှင့်ပတ်သက်၍ ဘာမှ ကျွန်တော် မတောင့်တခဲ့ပါ။

တစ်ရက်ခြားတစ်ခါ စာအုပ်ဆိုင်သို့ ကြောင်ကလေး၏ ဖြတ်သွားဖြတ်လာကို ကျွန်တော်ချောင်းကြည့်မည်။ သူမနှင့်မတွေ့ရတာ ကြာသွားသောရက်များတွင် သူမတို့လမ်းထဲသို့ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်မည်။ အရမ်း သူမကို တမ်းတမိလာလျှင်တော့ ကျွန်တော် ခိုးဝှက်ယူဆောင်ခဲ့ဖူးသော ကြယ်သီးလုလုလေး တစ်လုံးကို လက်ခုပ်ထဲမှာထည့်ရင်း ကြာခဏ ထုတ်ထုတ်ကြည့်ပါမည်။

သူမနှင့် စတင်ဆုံဆည်းမိသောနေ့က ထိုကြယ်သီးလေးကို- ရရှိခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမလဲကျခဲ့ရာမှ ရရှိခဲ့ခြင်းဖြစ်သဖြင့် သူမအကျႌမှ ပြုတ်ထွက်ခဲ့ခြင်းဖြစ်မည်ဟု ကျွန်တော်ယူဆ၏။ ဟုတ်မဟုတ် မသေချာလှသော်လည်း ကျွန်တော်ကတော့ သူမကိုယ်ပွား အဖြစ် တန်ဖိုးထားမြတ်နိုးခဲ့ပါသည်။

အဝေးကြီးကတည်းကပင် ကြောင်ကလေးကို တွေ့ လိုက်ရလျှင် အတိုင်းမသိ ကျွန်တော်ပျော်၏။ မကြားတကြား လေး သူမနာမည်ကို တီးတိုးခေါ်မိ၏။ အရေးမပါသောစကား များကို အော်ကြီးဟစ်ကျယ်လုပ်၍ သူမကြားအောင် ဟောင်ဖွာ ဟောင်ဖွာလျှောက်ပြောတတ်၏။ အထင်သေးသလို သူမကြည့် လျှင် လျှာထုတ်ပြောင်ပြမည်။ အချစ်သည် ထိုကဲ့သို့ပင် တစ်ခါ တစ်ရံ လူကို ပေါကြောင်ကြောင်ဖြစ်စေတတ်ပါသည်။

ကြောင်ကလေးကို ကျွန်တော် စွဲလမ်း၏။ ချစ်၏။ အနည်းငယ် စ,နောက်ချင်၏။ မြတ်နိုး၏။ တွယ်တာ၏။ ယစ်မူး ခြင်းကိုဖြစ်စေမိ၏။ သူမအကြောင်းတွေးမိသည့်အခါ ပျော်၍၊ ကိုယ့်ဘဝကိုယ် တွေးမိသည့်အခါ ဝမ်းနည်းသည်။ ကြောင် ကလေးနှင့် ကျွန်တော်မှာ အလွန်ပင် ဝေးလျားလွန်းပါသည်။

မှောင်ရီရီ မှုန်ကုတ်ကုတ်တဲစုတ်ကလေးထဲမှနေ၍ ကျွန်တော်က လင်းထိန်ခမ်းနားသော တိုက်ကြီးပေါ်ရှိ ကြောင် ကလေးအတွက် နေ့စဉ်လည်း စိုးရိမ်နေတတ်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ကလေး နေမှကောင်းရဲ့လား။ ထမင်းရေ စားလို့မြိန်ပါ့မလား။ တစ်နေ့တာ ကြုံရတဲ့ကိစ္စတွေအတွက် သူ့စိတ်ကလေးများ ငြိုငြင်နေမလား။ တောင်းလို့ရာ တောင်း ခွင့်ရလျှင် ကြောင်ကလေးမျက်နှာမနွမ်းအောင် ထာဝရ ဖြည့် စွမ်းပေးနိုင်သော ကိုယ်ဖြစ်လိုပါသည်။

ကြောင်ကလေးသည် ကျွန်တော့်အတွက် ခမ်းနား ကြီးမြတ်သူဖြစ်၏။ သူမနှင့်ပတ်သက်သမျှ အရာရာကို ခမ်းနား ကြီးမြတ်သည်ဟု ကျွန်တော် ခံစားရသည်။ အနုညာတ တစ်ယောက်၏ဘဝအတွက် သူမသည် ယင်းခမ်းနားကြီးမြတ် မှုကို ထိတွေ့ခံစားစေခဲ့သူ ... ထို့ကြောင့် ခမ်းနားကြီးမြတ် မှာသည်း တန်ဖိုးထားရမည့်သူဖြစ်ပါသည်။

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးမှ ရှိုက်တင်းစွာ သူမကို ကျွန်တော်မြတ်နိုးသည်။ မနက်ဖြန် သူ့ကို ဘယ်လိုဆက်ဆံမည်ဟု ဘယ်တော့မှ ကျွန်တော် မစဉ်းစားထား။ ထို့ကြောင့် သူမ လက်ထပ်တော့မည့်သတင်း ကြားသည့်အခါ အထိန်းအကွပ်မဲ့စွာ ကျွန်တော် ဝမ်းနည်းသွား ခြင်းဖြစ်ပါလိမ့်မည်။

သူမငှားနေကျ စာအုပ်အငှားဆိုင်မှ ထိုသတင်းကို ကြားရသည့်အခါ ကျွန်တော် ရုတ်တရက် အပြုံးစားလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သလို ဖြစ်သွားခဲ့သည်။ မငိုပါဘဲ မျက်နှာပေါ် မျက်ရည်တွေက ဘယ်လို အတားအဆီးမဲ့စွာ ကျလာခဲ့မှန်းမသိ၊ ထိုင်နေကျ အုတ်ခုံလေးပေါ်လည်း မထိုင်ဖြစ်တော့ဘဲ ဒယီးဒယိုင် အိမ်သို့ လျှောက်ပြန်လာခဲ့၏။

ထိုညက ...

ကျွန်တော့်ကိုယ်ကျွန်တော် ပထမဆုံးအကြိမ်အဖြစ် နာကျည်းခဲ့ရပါသည်။ ကိုယ်အမြတ်နိုးဆုံးအရာကလေး တစ်ခုကိုတောင် ပိုင်ဆိုင်ရန် မစွမ်းဆောင်နိုင်သူအဖြစ် ကိုယ့်ကိုယ်ကို အထင်သေးခဲ့မိ၏။

အရူးတစ်ယောက်လို ကြောင်စီစီမျက်ဝန်းများဖြင့် အသိမဲ့စွာ တစ်ညလုံး ထိုင်ငေးသည်။ ကြည့်လေရာရာတွင် သူမမျက်နှာလေးသာ မြင်နေရ၏။ ကြောင်ကလေး ကျွန်တော့် ဘဝထဲကထွက်ခွာသွားတော့မည်တဲ့။ မယုံကြည်နိုင်သည်ထက် မယုံချင်သည်က ပိုပါသည်။

ကျွန်တော့်ဘဝတွင် ထိုမျှလောက်အထိ တာရှည် လွန်းသောညကို မဖြတ်သန်းခဲ့ဖူးပါ။ ညတစ်ဖြည်းဖြည်းချင်း နက်ရှိုင်းလာသည်အထိ၊ အလင်းဟူ၍ အမျှင်တစ်စမျှမကျန် အောင် ပိန်းပိန်းပိတ်ပိတ်မှောင်သွားသည်အထိ ... ထိုမှ

www.burmeseclassic.com

www.burmeseclassic.com



နံနက်ဦး၏ရောင်ခြည်များ ပြန်လည်လင်းပွင့်လာသည့်အထိ အိပ်ခြင်းဆိုသည်ကို ကျွန်တော် မေ့လျော့နေခဲ့၏။

အရက်၏ အထိအတွေ့ကို စတင်ရရှိသောအချိန်တွင်တော့ ညက တစ်ခါတည်း ရူးသွပ်မသွားခဲ့သည့်အတွက် ကျွန်တော် စိတ်ပျက်နေမိသည်။ အရာရာကို "သိ" နေသော စိတ်ဖြင့် လောကကြီးကို ကျွန်တော် ရင်မဆိုင်ရဲပါ။ အထူးသဖြင့် မကြာမီ တစ်ပါးသူ၏ ပိုင်ဆိုင်မှုအဖြစ် ရောက်ရှိတော့မည့်ကြောင်ကလေးကို ကျွန်တော် ရင်မဆိုင်ရဲဆုံးဖြစ်သည်။

သို့သော် တွေ့နေကျအချိန်မှာတော့ အုတ်ခုံထက်ဆီ ကျွန်တော်ရောက်မသွားဘဲလည်း မနေနိုင်ခဲ့ပြန်ပါ။

ကြောင်ကလေး လာရာလမ်းဆီ အဝေးကြီး မျှော်ကြည့်ရင်း ခါတိုင်းနေ့များစွာအတိုင်း ကျွန်တော့်ရင်တွေ အခုန်မြန်နေခဲ့၏။ ကြောင်ကလေး ဒီနေ့ စာအုပ်မှ လာငှားပါမည်လား၊ လာခဲ့လျှင်လည်း သူမနံဘေးတွင် လက်ချင်းတွဲလျက် လူတစ်ယောက်တော့ ပါလာလိမ့်မည်ထင်သည်။

အုတ်ခုံလေးပေါ်တွင် အတွေးများစွာဖြင့်ချာလည်ရင်း တဒင်္ဂအတွင်းမှာပင် ကျွန်တော့်စိတ်တွေ ပြေးလွှားပျောက်ယက်နေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူမကိုချစ်ခဲ့သည်။ ထိုက်စွကျိန်းသေ၏။ ထို့အတူ သူမလည်း ကျွန်တော့်ကို မချစ်ခဲ့ပါ။ ယင်းမှာလည်း ကျိန်းသေပါသည်။

ယခုတော့ အစကတည်းက ဘာမှမဟုတ်ခဲ့သော ကျွန်တော်တို့ဇာတ်လမ်းလေးသည် ဘာမျှပင် မထူးခြားလှစွာ ဇာတ်သိမ်းရပါတော့မည်။ သက်ပြင်းတွေသာအခါခါ ကျွန်တော် ချမိခဲ့၏။ ယခုမှပဲ သက်ပြင်းလေးသည် သည်လောက် ပူပြင်း တတ်မှန်း ကျွန်တော် သတိထားမိတော့သည်။

တဖြည်းဖြည်း အုတ်ခုံပေါ်၌ ရပ်တည်နိုင်စွမ်းရန် မဖြစ်နိုင်တော့သလောက် ခံစားလာရချိန်မှာပင် ကြောင်ကလေး သဏ္ဍာန်ခပ်ပါးပါးကို ကျွန်တော် စတင်မြင်လာခဲ့ရလေ၏။

ကျွန်တော် စိုးရိမ်နေသလို သူမနံဘေး၌ တစ်စုံ တစ်ယောက်မှပါမလာခဲ့ပါ။ အခါများစွာအတိုင်း ကြည့်ကောင်း လွန်းသော၊ ပေါ့ပါးဖြူစင်လွန်းသော ခြေလှမ်းများဖြင့် သူမ ကျွန်တော်နှင့် တစ်စထက်တစ်စ နီးကပ်လာခဲ့၏။

စကားလှမ်းပြောရမှာလား
သူမနား အတင်း တိုးကပ်သွားရင်ရော
ကြောင်ကလေးကို ဖွင့်ပြောလိုက်ရမလား
စိတ်ထဲရှိသလို ငိုကြွေးအော်ဟစ်လိုက်ရင်ရော
တကယ်တော့ အားလုံးဟာ နောက်ကျနေပြီပဲ

www.burmeseclassic.com

www.burmeseclassic.com



သူမအနား နီးကပ်လာလေ ကျွန်တော့်စိတ်တွေ ရှုပ်ထွေးလာလေဖြစ်၏။ သူမ၏ခြေလှမ်းတစ်ခုတိုင်းသည် ကျွန်တော့်စိတ်ကို တစ်ရစ်ပြီးတစ်ရစ် ချည်နှောင်လာသည်။

အုတ်ခုံပေါ် ကျွန်တော်ရှိနေမှန်း သိကောင်းသိမည် ဖြစ်သော်လည်း ကျွန်တော့်ဘက်ကို လုံးဝမကြည့်။ ထို့ကြောင့်လည်း ထိုနေရာလေး၌ လွတ်လပ်စွာ ကျွန်တော်စိတ်ထွေပြား ခွင့်ရနေပါသည်။

နံနက်ခင်း၏ထွက်ပြူစနေရောင်သည် တဖြည်းဖြည်း ပို၍ပို၍ စူးရှလာသည်။ နေ၏ အဝါနုရောင်သည် လမ်းမြေ၏ နီမွဲမွဲအရောင်၊ ကောင်းကင်၏ အပြာနုနုအရောင်၊ လမ်းဘေး မြက်ခင်းနှင့် သစ်ပင်များ၏ အစိမ်းရောင်တို့ကိုလည်း ပို၍ တောက်ပလာစေ၏။

တစ်စစနှင့် ကျွန်တော့်အာရုံတွင် အရောင်တွေ အားလုံး အဆုံးစွန်ထိ စူးရှပြီးရောယှက်ကုန်လျက် အရောင်များ တစ်သားထဲဖြစ်သွားကြသည်။ ထိုလင်းထိန်လွန်းသော အရောင်မြင်ကွင်းကြီးထဲမှနေ၍ ကြောင်ကလေး လျှောက်လာသည်ကို အနေးပြမြင်ကွင်းလို ပီပီပြင်ပြင် ကျွန်တော်မြင်နေရပါသည်။

တရွေ့ရွေ့နှင့် သူမ ကျွန်တော့်ရှေ့ ရောက်လာပြီး ဖြတ်လျှောက်သွားသည်။ ကျွန်တော့်ကို သူမ ကျော်ခိုင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆက်လျှောက်သွားချိန်မှ ကျွန်တော့်ရင်ထဲက စုစည်းကြုပ်ခဲမိသမျှ တစ်စစ ပြန်လည်ပြေကျသွားပြီး ရင်ထဲ ဟာလာဟင်းလင်းဖြစ်သွားသည်။

မုန်တိုင်းလွန်ပြီးစ ကုန်းမြေမာမာလို ရင်ထဲ ဘာမျှမကျန်တော့။ အတွေးလေးတစ်ခုသာ ကျွန်တော့်ရင်ထဲ တိုးဝှေ့ဝင်ရောက်လာခဲ့၏။

သူမသည် ကျွန်တော်၏ ကြောင်ကလေးသာ ဖြစ်ပါသည်။ သူမကိုတွေ့ရလျှင် ငေးကြည့်ရုံ စိတ်ကူးယဉ် မြတ်နိုးနေရုံသာ ကျွန်တော် ပတ်သက်ခဲ့ပါသည်။ သူမဆီမှ ကျွန်တော် တောင့်တခဲ့သည်မှာလည်း ထိုမျှသာဖြစ်၏။ ထိုလောက် ပတ်သက်မှုမှာလည်း မည်သည့်အချိန်ကာလတွင်မျှ ပျက်ယွင်းသွားဖွယ်ရာ မရှိပါ။

သူမကို မည်သူက ပိုင်ဆိုင်သွားသည်ဖြစ်စေ ...။ သူမ ကျွန်တော့်ကို မည်မျှ ဥပေက္ခာပြုထားခဲ့သည်ဖြစ်စေ... သူမကို ကျွန်တော် မြတ်နိုးနေဦးမည်သာဖြစ်သည်။

ဘာကယ်တော့ သူမသည် ကျွန်တော်၏ ထာဝရကြောင်ကလေးဖြစ်ပါသည်။ နောက်ထပ် ဘယ်လောက် ကာလရှည်သည်ဖြစ်စေ ကျွန်တော်၏ ကြောင်ကလေးသာဖြစ်နေဦးမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# တွယ်တာသူဝေး ( ၂ )

အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com



## အိပ်မက်

အိပ်မက်အတွင်းတွင် ဖြစ်၏။

သာမန်နေ့တစ်နေ့၏ နောက်ခံတွင် သူမကို စတင်သတိပြုမိတော့၏။ တွေ့စက သိပ်လှသည်ဟုသာ အမှတ်ထားဖြစ်သော်လည်း ခဏအကြာတွင်ပင် သူမသည် အလွန်ထင်ရှားစွာ ပြတ်သားလာခဲ့တော့သည်။ သူမကို ကြည့်လျက်နှင့်လည်းကောင်း၊ မကြည့်ဘဲသော်လည်းကောင်း လှလှပပ မြင်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမပြန်အကြည့်တွင် ရင်ထဲ၌ ရေနွေးပူခပ်များများ လှုံ့ကျတတ်သလို၊ မြန်မာပါဝင်သော အရှေ့တောင်အာရှ ဘောလုံးပွဲ ထိုင်ကြည့်နေသူတစ်ယောက်လိုလည်း ဖြစ်သွားသေးသည်။

တန်ခိုးရှိသော သူမ။ ထင်ရှားစွာ မြင်ရသော်လည်း ခိုင်မာမှု မရှိ။ သူမ၏ မျက်ဝန်းဝိုင်းဝိုင်းကလေးများ၊ နှုတ်ခမ်းအိအိကလေးများနှင့် မျက်နှာသွယ်သွယ်လေးတို့ကို မကြာခဏ သူအပိုင်လိုချင်နေတတ်၏။ သူမကတော့ သိလိမ့်မလား မပြောတတ်။ ဆက်တိုက် ခပ်ငေးငေးနစ်မြောရင်း သူမ၏ တုံ့ပြန်အကြည့်များကိုလည်း မကြာခဏ ရရှိလာသေး၏။ သို့သော် ယင်းသည် တဒင်္ဂမျှသာ။

၄င်းသည် အိပ်မက်ဖြစ်၍ အိပ်မက်သည် အိပ်မက်ဖြစ်ပျက်စဉ်အတိုင်း ရွေ့လျားမည်ကို သိနေရာ သူတစ်ခါတစ်ရံ၌လည်း စိုးရွံ့မိနေသည်။ သူမကို အိပ်မက်မှ ဆွဲထုတ်ခေါ်ယူဖို့ ကြိုးစားချင်သော်လည်း မဝံ့။ ဖိမ်ခံကား တောက်တောက်ကြီးနှင့် အိပ်မက်၏ အချိန်တာများ အကူးအပြောင်းမှာ ကွယ်ကွယ်သွားတတ်သော သူမကို ငါးကျပ်ခရီးနှင့် ဘုတ်စ်ကားစီးပြီး အိပ်မက်မှ ဆွဲထုတ်ယူဖို့ လိုက်လံကမ်းလှမ်းရန်လည်း မတတ်နိုင်။ သို့ဖြစ်ရာ သူသည် အိပ်မက်ကို အိပ်မက်သာလျှင် မက်နေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သူမကို စွဲမက်စွာ ငေးကြည့်သည်။ နောက် နှစ်မြိုက်စွာ အိပ်မက်သည်။ သူငယ်ချင်းများ တိုက်တွန်းချက်ဖြင့် တစ်ခါတစ်ရံ သူမကို ချဉ်းကပ်ကြည့်သော်လည်း မအောင်မြင်။ ကျောင်းဆင်းဘဲလ်သံ ဆုံးသည်နှင့် လွယ်အိတ်ပြေးယူသော မျက်နှာထားတင်းတင်း မိန်းမကြီး၊ ကျွီကနဲ ထိုးဆိုက်လာသော ကားတို့၏ ပေါ်ပေါက်မှု အခိုက်အတန့်တိုင်းတွင် သူသည် ခေါင်းငုံ့နေခြင်းသာ လုပ်တတ်တော့၏။

အိပ်မက်၌ပါဝင်ဖက်များဖြစ်သော ရုပ်ဗေဒလက်တွေ့ခန်းများ၊ တက္ကသိုလ်၏ စာသင်ဆောင်များနှင့် သူငယ်ချင်းများတို့သည် သူမကို ပိုမို၍ ပူးကပ်စွာ အိပ်မက်ခွင့်ကို ပေးစွမ်းနိုင်ခဲ့သော်လည်း အပြန်အလှန် စကားပြောခွင့်ကိုတောင် မရရှိစေခဲ့။ (၄င်းမှာ သူမ၏ အိပ်မက်ဆန်ဆန် နေထိုင်တတ်မှုကြောင့်လည်းပါမည်ထင်၏။)

သူသည် သတ္တိအလွန်ရှိသူဟု ကိုယ့်ကိုယ်ကို အထင်ကြီးဖူးသော်လည်း သူမရှေ့တွင် ဒူးတုန်ပြီး ခြေလက်များ အေးစက်နေရုံ ဆွံ့အ,နေရုံမှလွဲလို့ မည်သို့မျှ မလုပ်ဆောင်နိုင်ခဲ့ပါ။ တစ်ခါတစ်ခါ (မတော်တဆဖြစ်ကောင်းဖြစ်နိုင်သော) အကြည့်ချင်းဆုံမိမှုတို့ကို ဇီဇာချဲ့၍ ဖွဲ့နွဲ့နေတတ်ခြင်းမှလွဲ၍

www.burmeseclassic.com

www.burmeseclassic.com



သူသည် အိပ်မက်ကို သာမန်မျှ စောင့်ကြည့်နေတတ်သူ တစ်ယောက်သာဖြစ်ခဲ့တော့သည်။

ထို့နောက်များတွင် သူသည် အိပ်မက်ကို အိပ်မက်ဆန်ဆန်ပြုမှုများဖြင့် ရှေ့ဆက် မက်နေမိတော့၏။ ခပ်ရူးရူး ကိစ္စတစ်ခုဟု ဆိုရမည်ဖြစ်သော သူမအများဆုံးဝတ်ဆင်တတ်သည့် ဝတ်စုံများ အရောင်အတိုင်း လိုက်လံချုပ်ကာ ဝတ်ဆင်တတ်ခြင်း၊ ထို့ထက် ပိုရူးခြင်းဖြစ်သော သူမနှင့် သူ တစ်ရောင်တည်းဝတ်ဆင်လာဖြစ်သည့်နေ့တွင် ရှိစုမဲ့စု ပိုက်ဆံလေးကုန်အောင် သူငယ်ချင်းများအား ဒါနပြုဖြစ်ကာ ၎င်းတို့၏ "အရူး" ဟု ချီးမွမ်းထောမနာပြုသံများကို နာခံရင်း သူမအကြောင်းများကို တစိမ့်စိမ့်တွေးကာ ပီတိဖြာနေမိခြင်းတို့ပင် ဖြစ်သည်။

သို့ဖြင့် သူသည် ထိုအိပ်မက်တွင် နက်ရှိုင်းခိုင်မြဲစွာ ငြိတွယ်နေမိတော့သည်။ တစ်ခါတစ်ရံတွင်တော့ သူသည် သူမကို အဘယ့်ကြောင့် လွန်မင်းစွာ စွဲလမ်းမိကြောင်းကို အဖြေရှာကြည့်နေမိ၏။ ဘာကြောင့်လဲ။ ဘယ်အချိန်ကစပြီး စွဲလန်းခဲ့ရပါသလဲ။ သူမရှိ သူ့အား ထိုမျှ စွဲလမ်းသွားလောက်အောင် ဆွဲဆောင်နိုင်သော တစ်စုံတစ်ရာက ဘာလဲ စသည်ဖြင့် မေးခွန်းများ ပေါ်ပေါက်လာခဲ့ဖူးသော်လည်း အဖြေတို့က

www.burmeseclassic.com

www.burmeseclassic.com



မရေရာ။ သေချာသည်ကတော့ သူသည် ထိုအိပ်မက် သို့ မဟုတ် သူမထံ၌ အလွန်အမင်း စွဲမက်ပျော်ဝင်နေခြင်းပင် ဖြစ်သည်။ သူသည် သူမကို "အချစ်" ဟူသော စကားလုံး ထက်ပင် ပိုမိုလေးနက်စွာ မြတ်နိုးနေမိပြီ။

ထို့နောက် သူသည် သူမကို မစွဲလမ်းတော့အောင် လည်း ကြိုးစားကြည့်သေး၏။ သူ၏ ကိုယ်ပိုင်မာနနှင့် အသိ တရားတို့ဖြင့် သူမထံတွင် မပျော်ဝင်ရအောင် စောင့်ထိန်းချင် သေး၏။ သို့သော် ရလာဒ်ကတော့ ကျောင်းသို့ သူမတို့ ကားဝင်လာသည်နှင့် တစ်ပြိုင်နက် သူ့ဦးခေါင်းသည် သူမ ရှိရာ အရပ်ဆီသို့ ရွေ့ရှုရောက်ရှိသွားရကာ သူမကားပေါ်မှ ဆင်းကာ လျှောက်သွားသော လမ်းကြောင်းတစ်လျှောက် (ဦးခေါင်းတစ်ခုလုံး လည်သွားမတတ်) လိုက်ပါ ရွေ့လျား တတ်ခြင်းပင် ဖြစ်သည်။ သို့ဖြင့် သူသည် သူမကို အိပ်မက်ဟု သိနေလျက်ပင် လွန်မင်းစွာ ရူးနိမ့်နေချေတော့၏။

နောက်ပိုင်း သူ၏နေ့များသည် သူမ,စီးသော ကား နှင့် သူမကိုယ်တိုင်ပြောင်းလဲကာ ပိုမိုတောက်ပြောင်လာခဲ့ခြင်းမှ လွဲ၍ သူ့အတွက် သမားရိုးကျဆန်စွာ လည်ပတ်ခဲ့ပါ၏။ အိပ်မက်၏အကျိုးဆက် အနည်းငယ်အားဖြင့်တော့ သူတို့

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်နှင့် ဆင်တူသော ဝတ္ထုများနှင့် အဆွေးသီချင်းများကို နှစ်ခြိုက်တတ်လာခြင်းနှင့် ညများစွာ အိပ်မရဖြစ်လာခြင်းတို့သာ ရှိခဲ့ပါသည်။ သူမကတော့ ထိုအချိန်တွင် သူ့ကို ရိုးရိုး အတန်းဖော်တစ်ယောက်ကဲ့သို့ အသိအမှတ်ပြု ဆက်ဆံလာခဲ့သော်လည်း သူ့ရင်ထဲမှ သူမအပေါ် စွဲလမ်းမှုတို့ကို ဆက်လက်၍ မသိကျိုးကျွံပြုထားဆဲပင်ဖြစ်ကာ သူကလည်း ဆက်လက်၍ မဝံ့မရဲ စွဲလမ်းဆဲပင်။

သို့သော် သူ့ရင်ထဲရှိ ခံစားမှုများကတော့ ပိုမို၍ ပြတ်သားစွာ ထုထည်အလွန်ကြီးမားခဲ့ပြီဖြစ်၏။ ယင်းကို သူကိုယ်တိုင် သတိပြုမိသောအချိန်မှာ အလွန်ပင် နောက်ကျသွားခဲ့ပြီး သူ့အတွက် ကံဆိုးမှုပေါင်းများစွာကို ဆက်တိုက်ပေါ်ပေါက်ဖြစ်စေတော့သည်။

ငင်းကံဆိုးမှုတို့ စတင်မြစ်ဖျားခံရာမှာ သူတို့အတန်းထဲမှ ကောင်လေးတစ်ယောက်ဖြစ်၍ သူမကဲ့သို့ပင် တောက်ပြောင်သူတစ်ဦးဖြစ်သည်။ ထိုနေ့က ကျောင်းအဆင်းတွင် သူမတို့အိမ်မှ ကားလာမကြိုခင် ထိုသူတို့နှစ်ယောက် (အလွန်ရင်းနှီးပုံရစွာ) စကားပြောနေကြ၏။ ယင်းကို သူမ၏အရိပ်တစ်ခုဖြစ်သော သူ မြင်တွေ့လိုက်မိသည့်နောက်တွင် သူမ

www.burmeseclassic.com

www.burmeseclassic.com



အတွက် သို့မဟုတ် သူကိုယ်တိုင်အတွက် ကံဆိုးစေသော ဖြစ်ရပ်များ စတင်ဖြစ်ပွားခဲ့တော့ပါ၏။

ပထမဦးဆုံးအနေနှင့် သူမကို တခြားသူတစ်ဦးနှင့် ရင်းနှီးစွာ ယှဉ်တွဲတွေ့လိုက်မိ၍ သူ၏ရင်တွင်းမှ မငုံမရဲ စွဲလမ်းမှုတို့၏ ထုထည်သည် အင်အားကြီးတစ်ခုအဖြစ် ကူးပြောင်းသွားခဲ့ကာ သူကိုယ်တိုင်ကို ပြင်းရှစွာ လောင်ကျွမ်းစေပါ၏။ ထိုနေ့က သူတစ်နေ့လုံးပူလောင်နေခဲ့သည်။ ဒေါသ (သို့) နောလိုမှုဟု အမည်တပ်လျှင်ရမည်ဖြစ်သော ခံစားမှုတစ်ခုအပြင် ဝမ်းနည်းမှု၊ နာကျည်းမှု၊ ရှုံးနိမ့်ခဲ့ရမှု၊ ပူပန်စိုးရိမ်မှုများစွာတို့ဖြင့် ရင်သည် မွန်းကြပ်နေခဲ့၏။ ထိုညက သူ လုံးဝ မအိပ်ဖြစ်ခဲ့ပါ။

နောက်ထပ် နှစ်ရက်တာမျှ သူသည် ထိုခံစားမှုမျိုးစုံတို့ဖြင့် ဆို့ကြပ်နေခဲ့ရင်း ဒုတိယကံဆိုးမှုကို ထိုနှစ်ရက်တင်းတင်းပြည့်မြောက်သောနေ့၌ လက်ခံရရှိလာခဲ့ပါတော့သည်။

ထိုကံဆိုးမှုမှာ သူ့ကြောင့်ချည်းသာဖြစ်ခဲ့သော်လည်း သူကတော့ ယခုထိတိုင် ကံကြမ္မာသို့ အပြစ်ပုံချဆဲပင်ဖြစ်ပါ၏။ အကယ်၍ ကံကြမ္မာကသာ သူနှင့် သူမတို့နှစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



နံနက်စောစော လူရှင်းနေသောအချိန်တွင် ရုတ်တရက် မျက်နှာချင်းဆိုင်တွေ့ဆုံစေခြင်း မရှိခဲ့ပါလျှင် သူမကလည်း သူ့ကို တွေ့သည်နှင့် မျက်နှာလွှဲသွားခဲ့ခြင်း မရှိလျှင် ထိုကိစ္စရပ်များ ဖြစ်ပွားမလာနိုင်မှာ သူယုံကြည်နေသည်။ သို့သော် ထိုနေ့၌ သူ ခါတိုင်းအတိုင်း မနက်စောစော ကျောင်းအရောက်တွင် သူမကလည်း ပုံမှန်ထက် စောစီးစွာ ရောက်ရှိလာခဲ့ကာ ကော်ရစ်တာအကွေ့တစ်ခု၌ ရုတ်တရက် မျက်နှာချင်းဆိုင် ဆုံဖြစ်ခဲ့ကြ၏။ ယို့ကြောင့်ပင် ကံဆိုးမှုများတို့ ဖြစ်ပွားလာရခြင်းဖြစ်ပါသည်။ မျက်နှာချင်းဆိုင်ဆုံသောခဏမှာ သူသည် ကိုယ့်ခံစားမှုနှင့်ကိုယ် နစ်ရက်တာမျှ ရှောင်ဖြစ်နေခဲ့သော သူမကို တွေ့တွေ့ခြင်း စိုက်မက်စွာ ငေးကြည့်နေမိပြီး သူမကတော့ မျက်နှာလွှဲသွားခဲ့ပါ၏။

ယင်းသို့ ဖျတ်ခနဲ မျက်နှာလွှဲသွားခြင်းမှာ သူမ၏ အမူအကျင့်တစ်ခုဖြစ်နိုင်သော်လည်း သူကတော့ (တစ်ဖက်သတ် ဆုံးရှုံးခံစားရသူတစ်ယောက်ပီပီ) စိတ်ထဲ၌ နင့်ကနဲ ဖြစ်သွားရပါ၏။ နောက်တော့ သူ၏ သိစိတ်မှန်သမျှတို့ ကိုယ်မှ ကင်းလွတ်ကာ ထုထည်ကြီးကြီး စွဲလမ်းမြတ်နိုးမှုတို့ ပေါ်ကွဲ မွှင့်အံခဲ့ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး သူမရှေ့၌ ပိတ်ရပ်လိုက်မိပြီး မျက်နှာတည့်တည့်ကို စိုက်ကြည့်၍ "နင် သိပ်လှတာပဲ" ဟု ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်မိသည်။ ထို့နောက် ရှက်သွားဟန်ဖြင့် ရဲကနဲဖြစ်သွားသော မျက်နှာလေးကို စိုက်ကြည့်နေရင်း သူမလက်တစ်ဖက်ကို လှမ်းယူဆုပ်ကိုင်ဖျစ်ညှစ်ကာ အစီအစဉ်တကျမရှိလှသော စကားများစွာကို ရေရွတ်ပြောကြားနေမိ၏။ ယင်းတို့ကို သူပြန်တွေးကြည့်သမျှတော့ "ချစ်တယ်" ဟူသော စကားရပ်တို့သာ များစွာ အရေးပါပေလိမ့်မည်။ သူမကတော့ ထိုအချိန်တွင် ကြောင်အမ်းအမ်းပုံစံဖြင့် ရပ်နေလျက်ရှိ၏။ သူမအသွင်မှာ ငှင်းနှင့်ပတ်သက်လျှင် အလွန် မပွင့်မလင်း ခွဲ့ကြောက်တတ်သော ကောင်လေးတစ်ဦး၏အပြုအမူအတွက် တော်တော်လေး ထူးဆန်းနေဟန်ပင်။

သူ့ပါးစပ်မှ စကားများစွာ ပြေးထွက်ပြီးချိန်တွင်တော့ သူမ အသိဝင်လာဟန်တူပါသည်။ သူ၏ ဆုပ်ကိုင်ထားသော လက်ကို ရုန်းတော့၏။ သူက မလွတ်တမ်း ဆုပ်ကိုင်ထားမိသောအခါ ကျန်သည့် လက်ဝါးတစ်ဖက်က သူ့ပါးတစ်ဖက်ဆီသို့ ကျရောက်လာခဲ့ပါသည်။ ပါးပြင်မှ စပ်ဖျဉ်းဖျဉ်းဖြစ်သောင်မှုကြောင့် သူ သတိပြန်ဝင်လာချိန်မှာတော့ သူမသည် အတော်ဝေးဝေးသို့ ရောက်ရှိသွားခဲ့ပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို သူငယ်ချင်းများအား ပြောပြဖြစ်တော့ ထပ်မံကြိုးစားကြည့်ရန် တိုက်တွန်းကြသေး၏။ သို့သော် သူကတော့ ထိုနေ့နောက်ပိုင်းအခါများ၌ ခါတိုင်းကဲ့သို့ပင် အိပ်မက်ကို စောင့်ကြည့်သူတစ်ယောက်သာ ပြန်ဖြစ်သွားတော့၏။ ထို့ပြင် သူငယ်ချင်းများက သူပါးရိုက်ခံရသည့်ကိစ္စနှင့်ပတ်သက်၍ အနည်းငယ် မခံမရပ်နိုင်ဖြစ်ကြသော်လည်း သူကတော့ သူမအား ထိုကိစ္စကို မည်သူသို့မျှတိုင်ကြားခြင်းမရှိသည့်အတွက် ကျေးဇူးပင်တင်နေမိသေးသည်။

၄င်းတို့က "လူတွေသိကုန်မှာ ရှက်လို့နေမှာပေါ့" ဟု ပြောကြသော်လည်း သူသည် သူမကို အပြစ်မမြင်နိုင်ခဲ့ပါ။ သူ့အမှားဟု ဝန်ခံမိနေရင်း ရင်ထဲရှိသမျှ ဖွင့်အံခွင့် ရခဲ့စေသော ထိုအမှားကိုပင် နှစ်ခြိုက်နေသေးတော့၏။ ထို့ပြင် သူ့ရင်ထဲတွင် ဘယ်သူ့ကိုမှ ပြောမပြသော မျှော်လင့်ချက်တို့ကလည်း ရှိနေသေး၏။ ယင်းမှာ သူ့ရင်ထဲမှ စကားတို့ကို သူမကြားသိပြီးဖြစ်၍ ပြန်လည်တုန့်ပြန်မှု တစ်ခုခုကိုများ ရရှိလေမလား ဟူ၍ပင်။

မျှော်လင့်ခြင်းကြီးစွာဖြင့် စောင့်ကြည့်ဖြစ်သော်လည်း သူမကတော့ သူ့ကိုမြင်လိုက်လျှင် ခါတိုင်းထက် ပိုမိုတင်းမာသွားပြီး သာမန်အတန်းဖော်တစ်ယောက်လိုပင် မဆက်ဆံတော့ခြင်းတို့ဖြင့်သာ တုန့်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကြောင့် သူသည် ထိုဖြစ်ရပ်ကို ကံဆိုးမှုဟု ကင်ပွန်းတပ်ဖြစ်ခဲ့သော်လည်း ရင်ထဲရှိသမျှအား သူမ၏ ပန်းရောင်ပြေးသော မျက်နှာလေးကို စိုက်ကြည့်ရင်း၊ သူမလက် ခပ်နွေးနွေးလေးတစ်ဖက်ကို ဆုပ်ကိုင်ရင်း ပြောခွင့်ရခဲ့သော ထိုနေ့တစ်နေ့ကို နှစ်ခြိုက်စွာဖြင့် အမြဲအမှတ်တရ ရှိနေမိ၏။

နောက်ပိုင်းတွင်တော့ သူမ၏ ပုံမှန် အေးစက်စိမ်းကားမှုများကြောင့် သူ့ရှိ ခဏတာဖြစ်ပေါ်ခဲ့ရသော မျှော်လင့်မှုတို့ ချုပ်ပျောက်ခဲ့ရသလို သူမကိုလည်း တကယ်ပင် အိပ်မက်တစ်ခုမှန်းသိခဲ့ရတော့၏။ သို့သော် သူသည် အိပ်မက်၌ နှစ်ခြိုက်မြဲနှစ်ခြိုက်နေလျက်သာ

ဤသို့ဖြင့် အိပ်မက်သည် အိပ်မက်၏ထုံးစံအတိုင်း ပြီးဆုံးခဲ့သည်။ ရူပဗေဒ စတုတ္ထနှစ် စာမေးပွဲနောက်ဆုံးရက်မှာ သူ၏အိပ်မက်တို့ အဆုံးသတ်ဖြစ်တော့၏။ အိပ်မက်တစ်ခု၏ နိဂုံးတွင် သူ ပါဝင်စီးမျောနေရင်း ထိုနေ့က သူ ကြေကွဲခဲ့ရ၏။ ဖြစ်နိုင်လျှင် သူသည် ထိုအိပ်မက်ကို အဆုံးမရှိ ဆွဲဆန့်ထားချင်သော်လည်း မတတ်နိုင်ခဲ့။ သို့ဖြင့် ယခင်က ကုန်ခဲ့သော နေ့များစွာကို ပြန်တမ်းတရင်း သူသည် အိပ်မက်၏ အဆုံးသတ်ကို အစွမ်းမဲ့စွာ ငုတ်တုတ်ထိုင်ကြည့်နေရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က စာမေးပွဲပြီးချိန်မှာ ကော်ရစ်တာဆီ သူ ပြေးထွက်လာရင်း အိပ်မက်၏နိဂုံးကို တုန်လှုပ်ဝမ်းနည်းစွာ ရင်ဆိုင်ခဲ့ရသည်။ သို့သော် စာဖြေခန်းမှထွက်၍ ကားထဲ ဝင်သွားချိန်ထိ သူမ၏လှုပ်ရှားမှု အသေးစိတ်နှင့် သူမ၏မျက်နှာ ကိုတော့ မျက်တောင်မခတ် ငေးမောရင်း တစ်သက်လုံး အတွက် သူသိမ်းဆည်းဖြစ်ခဲ့၏။ နောက်ထပ်နေ့များ ရွေ့လျား ပြီးချိန်တွင်တော့ အတိတ်တို့သည် ပစ္စုပ္ပန်အောက်၌ နစ်မြုပ် ခဲ့ကာ သူ၏အိပ်မက်သည်လည်း အဆုံးသတ်မျှပင် မကျန် အောင် ပြီးဆုံးသွားခဲ့ပါသည်။ သူမနှင့် တစ်ခါတစ်ရံ ပြန်ဆုံ တွေ့မိနိုင်မည်ဖြစ်သော်လည်း တက္ကသိုလ်ကျောင်းသားဘဝမှ သူ့အိပ်မက်များကိုမူ ပြန်လည်ရရှိစေနိုင်တော့မည် မဟုတ်ပါ။

ယခုအချိန်တွင်တော့ သူသည် ပြီးဆုံးသွားသော အိပ်မက်ကို ပြန်တမ်းတရင်း မေးခွန်းတစ်ခုဖြင့် ဇဝေဇဝါ ဖြစ်နေမိပါသည်။ ယင်းမှာ ထိုအိပ်မက်ပြီးဆုံးသွားသည့်နောက် သူ နိုးထလာသလား။ သို့မဟုတ် လုံးဝ အိပ်ပျော်သွားခဲ့ရပါ သလား ဟူ၍ပင် ဖြစ်၏။

အိပ်မက်ပြီးဆုံးချိန်က သူ မျက်ရည်ဝဲခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# တွယ်တာသူ့တေား ( ၃ )

## ပုံရိပ်တစ်ခုရဲ့ပုံတူ

www.burmeseclassic.com

www.burmeseclassic.com



## ပုံရိပ်တစ်ခုရဲ့ ပုံတူ

ဒါဟာ ပဟေဠိတစ်ခုကို ရိုးသားစွာ အဖြေရှာမိခဲ့တဲ့ ကောင်လေးတစ်ယောက်ရဲ့ အကြောင်းတွေပါ။ ဒါပေမယ့် သူမသိတာက ...

www.burmeseclassic.com

www.burmeseclassic.com



(၁)

သူ့မျက်လုံးတွေကို ကျွန်တော် ရင်မဆိုင်ရဲဘူး။ ဖျပ်ကနဲ သူလှည့်ကြည့်လိုက်တိုင်း ဂနာမငြိမ် ဖြစ်ဖြစ်သွားတတ်တာဟာ တစ်ခါတလေ စာထဲ စိတ်ပြန်သွင်းလို့မရအောင်ပါပဲ။ မိန်းကလေးတစ်ယောက်ရဲ့ ရင်ထဲမှာ ဘာတွေရှိနေတယ်ဆိုတာ နားလည်တတ်တဲ့လူဖြစ်ရင် သိပ်ကောင်းမှာ၊ သူ့အကြည့်တွေကို ကျွန်တော်ဘာသာပြန်တတ်ချင်တယ်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်တော့်ကိုကြည့်ရင် ပျော်တယ်။ နောက်ပြီး ... ကြောက်တယ်။

သူ ကျွန်တော့်ကို ကြည့်ကြည့်နေမှန်း စသိတာဟာ သိပ်မကြာသေးပါဘူး။ အရင်ကဆို ကျွန်တော်က ရှေ့မှာ ဆရာ့သင့်နေသမျှကို အသည်းအသန် လိုက်မှတ်နေတော့ ဘာကိုမှ သတိမထားမိခဲ့ဘူး။ အဲဒီနေ့ကတော့ ကျွန်တော် နေလို့ သိပ်မကောင်းတာနဲ့ ဘေးဘီကို စိတ်လွင့်နေမိခဲ့တယ်။ အဲဒီတုန်းမှာ ကျွန်တော် သူ့မျက်လုံးတွေနဲ့ ရင်ဆိုင်ရတာပါပဲ။

သိပ်တောက်ပတဲ့ မျက်လုံးတွေ ကျွန်တော့်ဆီ စူးစိုက်ကြည့်နေတာကို မြင်တဲ့အခါ ချက်ချင်းပဲ ကျွန်တော် ခေါင်းငုံ့သွားခဲ့မိတယ်။ ခေါင်းပြန်မော့မိတဲ့အခါမှာ သူကြည့်မနေတော့ဘူး။ ဒါပေမယ့် ခဏပါပဲ။ ခဏကြာတဲ့အခါ သူ့အကြည့်တွေဟာ ကျွန်တော့်ဆီ လွင့်ဝဲရောက်လာပြန်တယ်။

ပထမတော့ ကျွန်တော် မသေချာချင်သေးဘူး။ နောက်ပိုင်း အကြိမ်တွေများလာတော့မှ အံ့ဩစိတ်နဲ့အတူ နားလည်လာရတယ်။ အဲဒီအခါကျတော့ စိတ်ထဲမှာ တစ်မျိုးပဲ။ သူ့လိုလှတဲ့ မိန်းကလေးတစ်ယောက်ရဲ့အကြည့်ကို ခံယူရရှိတဲ့ ဘယ်ကောင်လေးမဆို ကျွန်တော့်အတိုင်းဖြစ်ကြမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် အဲဒီ အကြည့်တွေရရှိကာစမှာ ကျွန်တော့် စိတ်က ဘယ်လိုမှ မခံယူမိဖို့ကြိုးစားခဲ့သေးတယ်။ ကျောင်းစာကလွဲရင် ဘာကိုမှ မဝင်စားချင်တဲ့စိတ်နဲ့ ကျွန်တော့်ရင်ခုန်သံတို့ဟာ ညင်ညင်သာသာ အားပြိုင်နေခဲ့သေးတယ်။ နောက်ဆုံးမှာ ဘာက အနိုင်ရသွားသလဲ။ ကျွန်တော် ဘာကို အနိုင်ပေးလိုက်မိလဲတော့ မသိပါဘူး။ သူကြည့်လိုက်တိုင်း ကျွန်တော့်ရင်တွေ အမြဲ လှုပ်ခနဲ ဖြစ်ဖြစ်နေခဲ့ရတော့တာပါပဲ။

ဘာကြောင့်များ သူ ကျွန်တော့်ကို ကြည့်သလဲ။ အဲဒါကတော့ ကျွန်တော့်အတွက် သိပ်လှပတဲ့ မေးခွန်းတစ်ခုပါပဲ။ အဲ့ဒီမေးခွန်းရဲ့ရလာဒ်ကို စဉ်းစားလိုက်တိုင်း ကျွန်တော်အနားမှာ အပြာရောင်ရနံ့တွေ ဝေလာတယ်။ ဒါဟာ ဘုရားပေးတဲ့ လက်ဆောင်လေလား။

တစ်ချက်တစ်ချက် သူကြည့်လိုက်တဲ့အခါ ကျွန်တော် ခြေဖျားလက်ဖျားတွေ အေးလာတယ်။ သူ ကျွန်တော့်ကို အကြာကြီး စိုက်ကြည့်နေရင်တော့ ဘယ်လိုမှ တည်တည်ငြိမ်ငြိမ်မနေတတ်တော့ဘူး။ ခေါင်းကိုသာ တွင်တွင်ငုံ့ထားမိတော့တယ်။ တဖြည်းဖြည်း နေ့တွေများလာတဲ့အခါမှာတော့ ကျွန်တော်ဟာ အကြည့်ခံနေရုံနဲ့တင် မကတော့ပါဘူး။ တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



တစ်လေလည်း သူ့ကိုပြန်ပြီး ခိုးခိုးကြည့်မိတယ်။ ဘေးက လူတွေ မသိအောင် သူကိုယ်တိုင်လည်းမသိအောင်ပေါ့။

သူ့နာမည်ကိုတော့ ကျွန်တော် တော်တော်ကြာတဲ့ အထိ မသိသေးပါဘူး။ တခြားလည်း သူနဲ့ပတ်သက်ရင် ကျွန်တော် လုံးဝနီးပါးကို မသိဘူး။ သူက လှတယ်။ စာတော့ သိပ်မတော်ဘူး။ ဒါပဲ ကျွန်တော်သိတယ်။

နောက်တော့ ကျွန်တော် သူ့နာမည်ကို စသိခဲ့ရ တယ်။ နည်းနည်းတော့ ရယ်စရာကောင်းတဲ့ အဖြစ်နဲ့ပါ။ မမြင့်ဝင်းဆိုတဲ့ သူ့နာမည်ကို ကြားရတဲ့အခါ စိတ်ထဲ သိပ် ဘဝင်မကျဖြစ်သွားတယ်။ ဟင်၊ နာမည်ကြီးက သူ့ရုပ်သွင် လေးနဲ့ မအပ်စပ်လိုက်တာလို့လည်း ထင်တယ်။ ဒါပေမယ့် ကျွန်တော်က ဘာတတ်နိုင်မှာလဲ။ သူ့နာမည်က အဲဒီလိုဆို တော့လည်း အဲ့ဒီလိုပဲပေါ့။ ကျွန်တော် သဘောတော့ကျပါ တယ်။ တခြားလည်း သူဟာ ဘာနာမည်ပဲ ဖြစ်နေနေ ကျွန်တော် သဘောကျမှာပါပဲ။

ဒါပေမယ့် နောက်တော့မှ ကျွန်တော်သိတာ မှားမှန်း သိတယ်။ သူ့နာမည်က အဲဒါမဟုတ်ဘူးတဲ့။ အမှန်တော့ သူ့နာမည်ကို ကျွန်တော် အအေးဆိုင်မှာ ကြားမိတာ။ အဲဒီ တုန်းက သူတို့တွေက တစ်ဖက်စားပွဲက ကျွန်တော်က သူတို့

www.burmeseclassic.com

www.burmeseclassic.com



ဘက် ကျောပေးရက်သားနဲ့ တစ်ယောက်တည်း တစ်ဖက်ဝိုင်းက။

သူ့ကို စိတ်ဝင်စားမိကတည်းက ကျွန်တော်ဟာ သူ့နားမှာ နေချင်လာတတ်တယ်။ အဲဒီနေ့တုန်းကလည်း အဲဒီလိုပါပဲ။ ကျွန်တော် သူ့နားလေးမှာနေ၊ သူမသိအောင် သူပြောနေတဲ့ စကားသံလေးတွေကို နားထောင်၊ ပြီးရင်း သူ့ဘက်တော့ လှည့်မကြည့်ဝံ့ဘဲ သူ ငါ့ကို ကြည့်နေမှာပါလားဆိုတဲ့ အသိနဲ့ ကြည်နူးနေရတာပေါ့။

အဲဒီတုန်းမှာ သူတို့ဝိုင်းက ကောင်မလေးတွေဆီက မမြင့်ဝင်းဆိုတဲ့ ခေါ်ခေါ်ပြီးပြောတဲ့အသံကို ခဏခဏ ကြားရတယ်။ နောက်ပြီး သူကလည်း စကားတွေ တုန့်ပြန်နေတော့ သူ့ကိုပဲ မမြင့်ဝင်းလို့ ထင်မိတာပေါ့။ တော်တော်တော့ ရယ်ရတာပဲ။ တကယ်တမ်းမှာ သူ့နာမည်က မိုးပွင့်ဖြူတဲ့။

စာသင်ချိန် ကျွန်တော့်ဘေးမှာထိုင်တဲ့ ကောင်လေးပြောမှပဲ ကျွန်တော် အမှန်ကိုသိတယ်။ မိုးပွင့်ဖြူတဲ့။ သူ့နာမည်လေးကို ခပ်တိုးတိုး နောက်တစ်ခေါက် ထပ်ရွတ်လိုက်မိတယ်။ ဟုတ်တယ်။ ဒါကမှ သူ့နာမည်ပဲ။ သူ့မျက်နှာလေးနဲ့လည်း ဟပ်မိတယ်။ ခဏတာ ရွတ်ဆိုမိတဲ့ သူ့နာမည်လေးကတောင် နွေးထွေးမှုတွေ ကျွန်တော့်ရင်ကို စီးဝင်လာစေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ပတ်သက်လို့ တစ်ခုတည်းသော ကျွန်တော် ပြောင်ပြောင်တင်းတင်းကြည့်ရဲတာကတော့ သူ့ခြေချောင်းလေး တွေပါပဲ။ ပြင်းထန်နေတဲ့ရင်နဲ့ သူ့ရှေ့က ခေါင်းငုံ့ပြီး ကျွန်တော်ဖြတ်သွားတိုင်းမှာ သူ့ခြေချောင်းလေးတွေကိုသာ ကျွန်တော် ကြည့်ဝံ့ခဲ့တယ်။ ရှင်းသန့် ဖောင်းအိနေတဲ့ သူ့ ခြေထောက်ကလေးဟာလည်း လှတာပါပဲ။ သူနဲ့ ပတ်သက် သမျှဟာ အကုန်လှတယ်။ ပြီးတော့ ခံစားရတဲ့ ကျွန်တော့်ရင်မှာ အကုန်ဟာ ချိုသာတယ်။

အချစ်ဆိုတာကို ကျွန်တော် လှလှပပ စတွေးမိခဲ့တာ လည်း သူနဲ့ကျမှပါပဲ။ ဒါပေမယ့် သူ့ကို ချစ်နေမှန်း မသိခင် ကတည်းက (သူဟာ ကျွန်တော့်ရင်ထဲမှာ အချိန်ပြည့် နေရာယူ ပြီးခဲ့ပါပြီ။) တမ်းတတတ်တဲ့ ရင်နဲ့၊ ချိုမြတဲ့ အာရုံကို ပြန် အမှတ်ရတိုင်းမှာ ကျွန်တော် အမှတ်သညာအားလုံးတို့ပိုင်ရှင် ဟာ ဝေ့ကြည့်တတ်တဲ့ အကြည့်တွေရဲ့ သူပေါ့။

သူရှိတဲ့ပတ်ဝန်းကျင်မှာ နေထိုင်ခွင့်ရတဲ့အတွက် ကျွန်တော် ကျေနပ်တယ်။ (အမြဲတမ်းလိုလို သူကြည့်တဲ့ အကြည့် တွေအတွက် ကျွန်တော်ပျော်ပါတယ်။) သူဟာ ကျွန်တော့် အာရုံထဲက မြားနဲ့ခွင်းဖို့မဟုတ်တဲ့ ပစ်မှတ်လေးပေါ့။ သူ့ကို ကျွန်တော် စိတ်ထဲမှာ ဘယ်လောက်ပဲ ရင်းနှီးနေနေ ပြင်ပ

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ကျွန်တော် မဆက်ဆံရဲသေးဘူး။ အဲဒါကြောင့်မို့လည်း သူ့အကြည့်တွေနဲ့ သူဟာ ကျွန်တော့်အတွက် လျှို့ဝှက်သော အဖြေတစ်ခုအနေနဲ့ ဆက်ပြီး ရှိနေဆဲပါ။ အဲဒီအဖြေကို လှစ်ပစ်လိုက်ရင်ဆိုတဲ့ စိတ်ကူးဟာ မုန်းများသွားရင် ဆိုတဲ့ စိုးရိမ်မှုမှာ အခါခါ ကျေပျက်သွားခဲ့ရပါတယ်။

အဲဒီလိုနဲ့ ကျွန်တော်ဟာ လှိုင်းတွေလိုပါပဲ၊ ဖြစ်နေခဲ့ရတယ်။ မာန်ဟုန်တွေ ဘယ်လောက်ပြင်းပြင်း ကမ်းခြေနားရောက်ရင် သေးငယ်ကျေပျက်သွားရမြဲဖြစ်တဲ့ လှိုင်းတွေပေါ့။ အဲဒီလိုအချိန်မှာ ကျွန်တော့်ရဲ့စိတ်ဓာတ်ကို မီးညှိသလို ခြစ်ခတ်လိုက်တာကတော့ "ညီခ" ဆိုတဲ့ ကျွန်တော်တို့အတန်းထဲက ကောင်လေးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



(၂)

မနာလိုတယ်လို့ပဲပြောရမလား မသိဘူး။ ကျွန်တော့်ရင်ထဲမှာ စနိုးစနောင့် ဖြစ်သွားရတာကတော့ အမှန်ပါ။ ကိုယ်ခက်နေတဲ့ အိပ်မက်မျိုးကို တခြားလူတစ်ယောက်က သူလည်း မက်နေပါတယ်လို့ ပြောလာတဲ့အခါမို့ ရင်ထဲမှာ တစ်မျိုးတမည်တော့ ခံစားလိုက်ရတယ်။ အထူးသဖြင့် အဲဒီအိပ်မက်လေးက ကိုယ်သိပ်မြတ်နိုးတဲ့ အိပ်မက်လေးဖြစ်နေလို့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ညီခက သူလည်း မိုးပွင့်ဖြူကို ချစ်နေပါသတဲ့။

သတင်းစကားကို ကြားလိုက်မိပြီးမှ ကျွန်တော့်မှာ မကြားသိတတ်တဲ့ နားတစ်စုံရှိရင် သိပ်ကောင်းမှာလို့ ထင်တယ်။ ကျွန်တော် ပြုံးရမှာလား၊ မဲ့လိုက်ရမလား မသိကြွဘူး။ အခွင့်သာရှိမယ်ဆိုရင်တော့ ကျွန်တော် သူ့ကို တားလိုက်ချင်ပါတယ်။ (မိုးပွင့်ဖြူဆိုတဲ့ အိပ်မက်လေးကို ကျွန်တော် တစ်ယောက်တည်း မက်ပါရစေပေါ့။) ဒါပေမယ့် ...

ရင်ထဲမှာ ကျဉ်ကျဉ်မြွေ့မြွေ့ ဝမ်းနည်းလာတယ်။ သိပ်လှပနှစ်လိုဖွယ် အာရုံတစ်ခုကို ကျွန်တော် လက်လွှတ် လိုက်ရတော့မှာလား။ နာကျင်ခြင်းနဲ့ အရှုံးဟာ မှောင်ရီရီ အဝေးတစ်နေရာကနေ ကျွန်တော့်ကို လက်ယပ်ခေါ်နေပြန် ပါတယ်။ ဟင့်အင်း၊ မလာဘူး၊ မပေးဘူး။ နားနှစ်ဖက်ကို ကျွန်တော် ပိတ်ထားလိုက်ပေမယ့် အသံတွေလိုလို ကြားနေရ ဆဲ။ သန်းခေါင်ကျော်သွားပေမယ့် မိုးမလင်းနိုင်တဲ့ညတွေနဲ့ ကျွန်တော့်မှာ ...

www.burmeseclassic.com

www.burmeseclassic.com



(၃)

ခြေလှမ်းတွေရဲ့ အစိပ်အကျဲကိုသာ အသိမဲ့ လိုက်လံတွက်ချက်နေမိတယ်။ ကျွန်တော့်ရဲ့ ဦးတည်ချက်ဟာ ဘာလဲ။ ခဏခဏ ကိုယ့်ကိုယ်ကို အသိပေးနေပေမယ့် သူ့နောက်ကသာ ငြိမ်သက်စွာ လျှောက်လိုက်နေမိတယ်။

သူ့နားကို တိုးကပ်သွားဖို့၊ သူ့ကို စကားတစ်ခွန်းတလေ စတင်ဖို့ဆိုတာကတော့ ကျွန်တော့်ရဲ့ဝံ့မှုတွေနဲ့ ဆိုပ်ဝေးကွာလွန်းပါတယ်။ သူနား နီးနီးကပ်ကပ်မှာ နေချင်ပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် ကျွန်တော် လိုက်လာတာကိုလည်း သူမသိစေချင်ပြန်ဘူး။ တကယ်လို့သာ ကျွန်တော့်မှာ ကိုယ်ဖျောက်နိုင်တဲ့ အစွမ်းတွေ ရှိရင်တော့ သိပ်ကောင်းမယ်။ သူကိုယ်တိုင် မသိဘဲ၊ ဘယ်သူမှလဲ မသိဘဲနဲ့ ကျွန်တော် သူ့နားနီးနီးမှာ နေနိုင်ပါလိမ့်မယ်။

ခုတော့ ကျွန်တော့်မှာ နောက်ကသာလိုက်နေရင်း သားက ရင်တွေ လှို့လှို့ဝှက်ဝှက် အခုန်မြန်နေရပါတယ်။ ကျွန်တော် ဘာလုပ်ရမလဲ၊ စဉ်းစားရင်းနဲ့ပဲ ခရီးတာတွေသာ ရှည်လျားခဲ့ရပါတယ်။

ဒါဟာ ကျွန်တော့်အတွက် နောက်ဆုံးအခွင့်အရေးလည်း ဖြစ်ချင်ဖြစ်သွားနိုင်ပါတယ်။ ကျွန်တော့်ထက် ပိုသွက်တဲ့ ညီခဟာ သူနဲ့၊ ကျွန်တော့်ထက် ပိုပတ်သက်ခွင့်ကို အလွယ်တကူ ရသွားနိုင်ပါတယ်။ အဲဒီ စိုးရိမ်စိတ်တွေနဲ့ သူ့နောက်က လိုက်ဖြစ်ခဲ့ပေမယ့် ကျွန်တော် ဘာကိုမှတော့ အကောင်အထည် မဖော်ဖြစ်ခဲ့ဘူး။

သူနဲ့ ကျွန်တော်ဟာ ဝေးလံမှုန်သီတဲ့ ကမ်းပါးစွန်း တစ်ဖက်စီမှာ ရပ်နေရသလိုပဲ။ အဝေးမှာ သူရှိနေတာ မြင်ပေမယ့် အနားကို တိုးမသွားရဲ၊ ရှည်လျားတဲ့ ချောက်ကမ်းပါး ကြီးက တားနေတယ်။ ကယ်သူမဲ့လို့ သူ့ဘက်ကြည့်တဲ့အခါ ကျတော့လည်း လက်ယပ်ခေါ်နေသလိုပါပဲ။ ဒါပေမယ့် ဝေးကွာ

www.burmeseclassic.com

www.burmeseclassic.com



လွန်းတော့ မသဲကွဲဘူး။ ကျွန်တော်ဟာ မြူသားအထုကို တောင်မှ ထွင်းဖောက်မမြင်နိုင်သူပါ။

အဲဒီအချိန်မှာပဲ တစ်ယောက်က သူ့ဆီ ချဉ်းကပ်သွားတာမြင်တယ်။ အဲဒါဟာ ညီခပေါ့။

လက်လွှတ်ဆုံးရှုံးရမှာစိုးလို့ သူ့ကို အခုလို ဦးထားဖို့ ကြိုးစားပေမယ့် ခုလိုပဲ ကွယ်ရာအဝေးကသာ ချောင်းလိုက်နေမိတော့တယ်။ ဘယ်လိုစကားမျိုးနဲ့၊ ဘယ်လိုအပြုအမူမျိုးနဲ့ သူ့ဆီ ချဉ်းကပ်ရမလဲဆိုတာ မသိဘူး။ မတွေ့ကြုံဘူးတဲ့ကိစ္စမို့ ဘယ်လိုဆုံးဖြတ်ရမလဲဆိုတာလဲ မယဉ်ပါးဘူး။

မရဲဝံ့ပေမယ့်မြတ်နိုးစိတ်ရှိလွန်းတဲ့အတွက် ကျွန်တော်နောက်ကပဲ ဆက်လိုက်နေဖြစ်ပါတယ်။ အရှုံးမခံချင်ပေမယ့် အနိုင်ရဖို့လည်း မစွမ်းနိုင်တဲ့အတွက် ကျွန်တော် ဒီအတိုင်းပဲ နေလိုက်တော့တယ်။ ဘာလုပ်ရမှန်းမသိတဲ့အခါမို့ အစွမ်းမဲ့သူတွေ ပြုမြဲအတိုင်း ကံကြမ္မာကိုသာ ပုံကိုး စောင့်မျှော်ထားလိုက်မိပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



(၄)

သူ့ကို ညီခ ပထမဦးဆုံးအကြိမ် စလိုက်တဲ့နေ့ဟာ သူနဲ့ပတ်သက်လို့ ကျွန်တော် ပထမဆုံးအကြိမ် မပျော်ရွှင်ခဲ့ရတဲ့နေ့ပါပဲ။ စိတ်ထင်လို့ပဲလားတော့ မသိပါဘူး။ အဲဒီနေ့မှာ ကျွန်တော့်ဆီ သူ့အကြည့်တွေဟာ ပါးလျနေခဲ့တယ်။ အတန်းဆင်းချိန်ကျတော့ ညီခ သူ့နောက်က လိုက်သွားတာ မြင်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မရှည်ရှယ်ပါဘဲနဲ့ သူတို့နောက် ခပ်လှမ်းလှမ်းကနေ ကျွန်တော် လိုက်ကြည့်မိတယ်။ သူက တစ်ယောက်တည်း ခပ်သွက်သွက်နဲ့ ရှေ့ဆုံးက။ ညီခနဲ့သူ့ရဲ့ အရပ်ရှည်ရှည် သူငယ်ချင်းက နောက်က။ ကျွန်တော်ကတော့ လျှိုလျှိုပုန်းပုန်း နဲ့ နောက်ဆုံးကပေါ့။

လမ်းနည်းနည်းလောက် သွားမိတဲ့အခါ ညီခ သူ့ အနားကပ်သွားတာ မြင်တယ်။ ကျွန်တော့်ရင်ထဲ ထိတ်ကနဲ ဖြစ်သွားတယ်။ သိမ်ငယ်တဲ့စိတ်ဟာ တရိပ်ရိပ် သွေးကြော တွေထဲကို တက်လာပါတယ်။ ညီခ သူ့ကို ဘာတွေပြောနေ တယ်မသိဘူး။ အဲဒီအချိန်မှာ အမှန်အတိုင်းဝန်ခံရမယ်ဆိုရင် တော့ ကျွန်တော်ဟာ တစ်လောကလုံးမှာ စိတ်အပုတ်ဆုံး လူသားတစ်ယောက် ဖြစ်သွားပါတော့တယ်။ သူ ညီခကို လက်ခံ စကားမပြောစေချင်ဘူး။ တတ်နိုင်ရင် ပါးတွေဘာတွေ ရိုက် ထုတ်လိုက်ဖို့ကိုတောင် ထိန်းနေတဲ့ကြားကနေ တွေးဖြစ်သွား မိပါသေးတယ်။

နေရာချင်းက လှမ်းနေတဲ့အတွက် သူတို့တွေ ဘယ် လိုဖြစ်နေတယ်ဆိုတာကိုတော့ ကျွန်တော် မမြင်ရဘူး။ ဒါပေမယ့် ညီခ သူ့နားကပ်ပြီး လမ်းလျှောက်နေတာ ကြာသွား တဲ့အခါ ကျွန်တော့်စိတ်တွေ ပူလာတယ်။ ရင်ထဲမှာ အားငယ် မောပန်းလာသလိုလိုနဲ့ တစ်မျိုးပဲ။

www.burmeseclassic.com

www.burmeseclassic.com



မားသွားရှေ့ရောက်နေတဲ့ အပြစ်ရှိသူလို ကျွန်တော့်နှလုံးသားဟာ ကြောက်ဒူးတွေ တုန်နေတယ်။ မျက်စိရှေ့က ကတ္တရာလမ်းမဟာ တဖြည်းဖြည်း အရည်ပျော်ကျလာနေသလိုပဲ။ လူတွေရယ်၊ ကားတွေရယ် ဘေးနားက တိုက်တာအဆောက်အဦတွေရယ်ဟာ ကျွန်တော့်ရှိရာဘက်ဆီ တရွေ့ရွေ့ အိကျလာသလို ထင်မိတယ်။

ဆုံးရှုံးခဲ့ရပြီလား။ ဆုံးရှုံးခဲ့ရပြီလား။ ဘယ်သူမှ မကြားတဲ့အသံနဲ့ အခါခါအော်ရင်း သူ့အကြည့်တွေကိုသာ ပြင်းပြင်းပြပြသတိရလာခဲ့တယ်။ သူ့မျက်ဝန်းတွေထဲက အဓိပ္ပာယ် တစ်စုံတရာကို ပြန်မြင်တယ်။ သူဟာ ကျွန်တော့်အတွက်ပဲဖြစ်ရမယ်လို့ အဲဒီမျက်ဝန်းတွေက ပြောနေသလိုပဲ။ ဒါပေမယ့် အဲဒါကရော ဘာများတတ်နိုင်မှာလဲ။ တကယ်တမ်းမှာ၊ လက်တွေ့မှာ ဆောင်းတွင်းအိပ်မက် မက်သူဟာ အောင်နိုင်သူဖြစ် မလာနိုင်ပါဘူး။ နားလည်ခဲ့ပေမယ့် အစွမ်းမဲ့ခဲ့ခြင်းဟာ ကျွန်တော့်အပြစ်တွေပါပဲ။

ညီခ စကားလိုက်ပြောနေတာကို မျက်စိတဆုံးငေးရင်း လျှောက်လက်စ တစ်နေရာမှာပဲ ကျွန်တော် ရပ်ကျန်ရစ်တယ်။ လွယ်အိတ်ကို လက်နဲ့ တင်းတင်းဆုပ်ရင်း ဗေဒာကကြီး ကြေကွဲနေတာကို ခံစားလိုက်ရတယ်။ ကိုယ့်စိတ်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တင်းထားတဲ့အတွက် ကျွန်တော်ကတော့ ဘာမှမဖြစ်ပါဘူး။ ဒါပေမယ့် လောကကြီးကတော့ ကြေကွဲနေတယ်။ အဲဒါကို ကျွန်တော်သိတယ်။ နောက်ပြီး ... သူ ... ငိုလည်း ငိုနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၅)

ကြောက်စရာတွေ တွေ့လာတဲ့အခါ ခိုကိုးရာ ရှာတတ်တာဟာ လူသားတွေရဲ့ ညာဉ်ပဲတဲ့။ ကျွန်တော် သူ့အကြည့်တွေကိုပဲ မျှော်လင့်ချက်ထားနေမိပါတယ်။ တစ်ချက်တစ်ချက် ကျွန်တော့်ဘက် သူကြည့်လိုက်တဲ့အခါ ကျွန်တော့်ခံစားချက်တွေထဲက မီးပွင့်တွေ တဖျပ်ဖျပ် ထလင်းတယ်။ အခန့်မသင့်နေတဲ့အတွက် ကျွန်တော်တို့ အကြည့်တွေဆုံခြင်းတော့ မဆုံမိကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူ ကြည့်တဲ့အခါ ကျွန်တော်က ခေါင်းငုံ့နေတာမျိုး၊ စာကို အာရုံစိုက်နေမိတာမျိုးနဲ့ ကျွန်တော် ကြည့်တဲ့အခါကျ သူ လှည့်မကြည့်တာမျိုး ဖြစ်ဖြစ်နေတတ်ပါတယ်။ အဲ့ဒီ သူ့ အကြည့်တွေကြောင့်ပဲ သူ့နောက်ကို ကျွန်တော် လိုက်မိနေဆဲ။ ညီခ စကားလိုက်ပြောတဲ့ နေ့တွေမှာပေါ့။ လက်လွတ်ဆုံးရှုံး ရမှာကိုတွေးရင်း ကြောက်ပေမယ့် အရှုံးဟာ လုံးလုံးလျားလျား တော့ မဟုတ်လောက်သေးဘူးလို့ ဖြေတွေးမိပြန်ပါတယ်။

အခုချိန်ထိ ကျွန်တော် မြင်သလောက်တော့ သူဟာ ညီခကို စကားတွေ ဟက်ဟက်ပက်ပက် ပြန်မပြောသေးပါဘူး။ အဲဒီလိုနဲ့ အဲဒီရက်ပိုင်းတွေဟာ ညီခက သူ့ကိုလိုက်၊ ကျွန်တော် က ခပ်ဝေးဝေးကနေ နှစ်ယောက်လုံးကိုလိုက်နဲ့ လုံးချာလည် နေခဲ့ပါတယ်။

ဒါပေမယ့် အဖြစ်အပျက်ဟာ အဲဒီမှာတင် ရပ်မနေ ဘဲ ပြောင်းလဲခဲ့တယ်။ ကျွန်တော်စိတ်တွေ အရမ်းလှုပ်ရှားရတဲ့ အပြောင်းအလဲကာလကြီးတစ်ခုကို တွေ့ကြုံလွန်မြောက်ခဲ့ရ ပါတယ်။ အဲဒါဟာ ညီခ သူ့သူငယ်ချင်းကိုပါခေါ်လာပြီး စကား လိုက်ပြောရာက စခဲ့တာပါပဲ။

အမြဲ တစ်ယောက်တည်းပြန်လေ့ရှိတဲ့ မိုးပွင့်ဖြူဟာ အဲဒီနေ့ကျမှ အဖော်သူငယ်ချင်းတစ်ယောက်နဲ့အတူ ပြန်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီသူငယ်ချင်းဟာ ညီခရဲ့သူငယ်ချင်းနဲ့လည်း သူငယ်ချင်းတွေဖြစ်နေပါသတဲ့။ တွေ့တွေ့ချင်းပဲ သူတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် ပြုံးပြကြတယ်။ ပြီးတော့ ညီခနဲ့ မိုးပွင့်ဖြူကိုပါ အပြန်အလှန် မိတ်ဆက်ပေးကြပါတယ်။

"ဒါဟာ ငါ့သူငယ်ချင်း၊ အေး ဒါကလည်း ငါ့သူငယ်ချင်း"

"မိုးပွင့်ဖြူတဲ့၊ ညီခတဲ့" ဆိုတဲ့ စကားတွေကို ကြားတဲ့အခါ ညီခဟာ ကျွန်တော့်ထက် အားသာမှုတစ်ခု ရသွားပြီလို့ သိတယ်။ သိပ်မကြာခင်ပဲ သူတို့ သူငယ်ချင်းတွေအဖြစ် မိတ်ဆက်ပေးရင်းကနေ ညီခနဲ့ မိုးပွင့်ဖြူကို မိတ်ဆက်ပေးခဲ့တဲ့ဆီ ရောက်ပါတယ်။

ကျွန်တော်သာ တစ်ယောက်တည်းနဲ့ အဲဒီအနားက အဝေးမှာ အဖော်မဲ့နေခဲ့တယ်။ ကျွန်တော့်မှာတော့ အဲဒီလို ကူညီဖို့ရာ ခင်တဲ့သူငယ်ချင်း မရှိတဲ့အတွက် ကံတရားက မျက်နှာသာ မပေးတဲ့အတွက် လောကကကြီးကိုပဲ အပြစ်တွေ တင်ရမလို လိုပါ။ ယဉ်ကျေးမှုအရ မိုးပွင့်ဖြူဟာ ညီခကို အသိအမှတ်ပြုတယ်။ တစ်ယောက်ကိုတစ်ယောက် ပြုံးပြပြီး သူတို့ စကားတွေပြောကြတယ်။

ကျွန်တော် အဝေးကနေ ဘာဆက်လုပ်ရမှန်း မသဲကွဲဘူး။ အဲဒီအချိန်မှာတော့ ကျွန်တော်လိုက်နေတာကို မိုးပွင့်ဖြူ

www.burmeseclassic.com

www.burmeseclassic.com



လည်း၊ သိသွားစေချင်မိပါတယ်။ လောကမှာ သူ့ကို အာရုံစိုက်နေသူဟာ ကျွန်တော်လည်း ရှိနေသေးပါလားဆိုတဲ့ အကြောင်းနဲ့ သူ့အကြည့်တွေထဲက အဖြေကို ကျွန်တော့်ဆီ ချက်ချင်း ပေးလိုက်စေချင်တယ်။

ဒါပေမယ့် ကျွန်တော့်ခြေလှမ်းတွေကတော့ အဲဒီဆန္ဒနဲ့ ဆန့်ကျင်ဘက်ပါ။ နောက်ပြန်လှည့်သွားတော့မလိုလို ဖြစ်နေစဉ်မှာ သူတို့ဆီက ထူးခြားချက်တစ်ခုကြောင့်သာ ရပ်လိုက်မိပါတယ်။

အတော်ဝေးနေတဲ့အတွက် ကျွန်တော့်ကိုတော့ သူတို့ သတိမထားမိပါဘူး။ အတန်းဖော် ကောင်လေး တစ်ယောက်နဲ့ အိမ်ပြန်လမ်းချင်းတူနေတယ်ဆိုတဲ့ ကိစ္စကလွဲရင် ကျွန်တော့်ကြောင့် သူတို့ ဘာကိုမှလဲ ထင်စရာမရှိဘူး။

အထူးသဖြင့် အဲဒီအခိုက်မှာ ညီခနဲ့ သူဟာ တစ်စုံတရာကို လေးလေးနက်နက် ပြောနေကြပုံပေါ်တဲ့အတွက် ကျွန်တော့်ဘက်ကို လှည့်လို့မှ မကြည့်မိကြပါဘူး။ မိုးပွင့်ဖြူဟာ ညီခကို တစ်ခုခု အသေအချာ ပြောနေတယ်။ ညီခက လည်း တစ်ခုခု အသေအချာ မေးနေပုံပါပဲ။

ခဏကြာတဲ့အခါ သူတို့စကားတွေ ရုတ်တရက် ရပ်သွားပြန်ပါတယ်။ ဘေးမှာ သူငယ်ချင်းတွေက အလိုက်

www.burmeseclassic.com

www.burmeseclassic.com



တသိန်း အလှမ်းခွာပေးထားကြတယ်။ မိုးပွင့်ဖြူရဲ့ မျက်နှာဟာ ရုတ်တရက် သိပ်လေးနက်သွားသလိုပဲ။ ပြီးတော့ သူ တစ်ခွန်းချင်း တစ်ခွန်းချင်း စကားတွေကို ပြောပါတယ်။

ကျွန်တော် မကြားရပေမယ့် အဲဒါဟာ အရေးကြီးမှန်းတော့သိတယ်။ စကားတွေဆုံးတဲ့အခါ ညီခရဲ့ မျက်နှာဟာလည်း လိုက်တည်သွားပါတယ်။ ပြီးတော့ မိုးပွင့်ဖြူကို သူစိုက်ကြည့်နေတယ်။ စာနာမှုတွေ သူ့အကြည့်မှာပါနေသလိုပဲ။ နောက်ဆုံး ခေါင်းတစ်ချက် ဆတ်လို့ တစ်ခုခုပြောပြီး သူ လမ်းခွဲသွားတော့တယ်။

ခဏကြာတဲ့အခါကျတော့ အဲဒီနေရာမှာ ဘယ်သူ့မှ ကျန်မနေတော့ပါဘူး။ ကျွန်တော်တစ်ယောက်တည်းပဲ လမ်းလယ်မှာ မေးခွန်းတွေ များစွာနဲ့အတူ ကျန်ရစ်ခဲ့ရတယ်။ သူတို့ ဘာဖြစ်သွားကြတာလဲ။ မေးချင်ပေမယ့် သိသူမရှိခဲ့။ ကာယကံရှင် နှစ်ယောက်လုံးဟာ အကြောင်းတစ်ခုခုကြောင့် ကျွန်တော် ဖွင့်မမေးချင်တဲ့သူတွေ ဖြစ်နေခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



(၆)

ဝမ်းသာရမလား၊ ဝမ်းနည်းရမလား ကျွန်တော် မသဲကွဲဘူး။ သူ ကျွန်တော့်ဆီ အကြည့်တွေ မပြောင်းလဲပေမယ့် ညီခကတော့ သူ့ကို ဆက်မလိုက်တော့ပါဘူး။ အတန်းချိန်တွေမှာ နည်းနည်း တွေတွေငေးငေးဖြစ်နေတဲ့ ညီခကို ကျွန်တော်မြင်တယ်။ သူနဲ့ပတ်သက်လို့ ညီခ ရှုံးနိမ့်သွားခဲ့မှန်း သိပေမယ့် ဘာကြောင့်မှန်းတော့ မသိဘူး။ တစ်ဖက်က ကြည့်ရင်တော့ အဲဒါဟာ ကျွန်တော့်အတွက် ကျေနပ်စရာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ညီခရဲ့ မအောင်မြင်ခဲ့ခြင်း၊ သူ (မိုးပွင့်ဖြူ) ရဲ့ ကျွန်တော့်ဆီ အကြည့်တွေနဲ့ ကျွန်တော်ဖြစ်ချင်တဲ့ မျှော်လင့်ချက်တွေပေါင်းပြီး ရုပ်လုံးဖော်လိုက်တဲ့အခါ စိတ်ကူးထဲမှာ အထင်အမြင်တစ်ခုဟာ ဝိုးတဝါး ရုပ်လုံးပေါ်လာတယ်။ အဲဒါဟာ "အချစ်" ပါပဲ။ ကျွန်တော် မဝံ့စားသလောက် စိတ်ကူးနဲ့ ရှုံးခဲ့ရတဲ့ အရာပေါ့။

သူ ကျွန်တော့်ကို ချစ်နေသလားလို့ တွေးမိတဲ့အခါ စိတ်ထဲမှာ ချက်ချင်းပဲ မစဉ်းစားဘဲနဲ့ ဖွတ်မိုတ်သေချာပစ်လိုက်မိတယ်။ သူ့ရဲ့အကြည့်တွေကို ယုံတဲ့အတွက် သူ ကျွန်တော့်ကို ချစ်နေမှာကိုလည်း ယုံကြည်လိုက်ပါတယ်။ ညီခရဲ့ ရှုံးနိမ့်ရခြင်းဟာ သူ ကျွန်တော့်ကို ချစ်နေနှင့်ခြင်းကြောင့်လို့ ထင်တယ်။

စိတ်ဒုန်းဒုန်းချတော့ မယုံမှတ်ပေမယ့် ကျွန်တော်က တခြားလည်း မတွေးတတ်တဲ့အတွက် သူ ကျွန်တော့်ကို ချစ်နေပြီလို့သာ စဉ်းစားရင်း ဖြေသိမ့်နေလိုက်ရပါတယ်။ ခုနေအခါမှာတော့ သူ့အကြည့်တွေဟာ ကျွန်တော့်ကို ချစ်ခြင်းတရားနဲ့ အတူ ရှုံးသွပ်ခြင်းတွေကိုပါ ယူဆောင်လာခဲ့ပါပြီ။ စွဲလမ်းခြင်း၊ အမှန်အမှား ခွဲပြီး မသိနိုင်ခြင်း၊ မျက်စိမှိတ် ယုံကြည်ခြင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



၅၃

ဆန္ဒတွေ ကိုးကွယ်မိခြင်းတို့ဟာ အားလုံး သူ့ကြောင့်သာပေါ့။ အကောင်းမဟုတ်ပေမယ့် အဲဒါတွေကိုပဲ ကျွန်တော်က စုံမက် နေပြန်ပါတယ်။

မသေချာမှုတစ်ခုအပေါ် ယုံပုံ ကိုးစားမိတဲ့အတွက် ...နှိမ့်ရရင် ဘုန်းဘုန်းလဲတတ်မှန်းလည်း ကျွန်တော် နားလည် ...ပါတယ်။ ဒါပေမယ့် အချစ်ဆိုတာဟာ ဆင်ခြင်တုံတရားတွေနဲ့ ...တင်းကျွာတတ်စမြဲ မဟုတ်လား။ တကယ်တမ်းလည်း ကြိုတင် ...ပြင်ဆင်မထားမိတဲ့အတွက် ကျွန်တော် အငိုက်မိခဲ့ရပါတယ်။ ...တင်ထားပေမယ့် မပစ်ခဲ့တဲ့မြားချက်တွေဟာ ကျွန်တော့် ...နှလုံးသားထဲထိ ဒုတ်ဒုတ်ထိ ပြန်လှည့် ဝင်ရောက်ခဲ့တယ်။ ...ကောင်းကင်မှာ ကြယ်တွေကြွေနေတဲ့ တစ်ညမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



(၇)

ကောင်းကင်မှာ ကြယ်တွေ ကြွေကျနေတယ်။ ညဟာ အခိုးငွေ့တွေနဲ့ သူ့ရဲ့ရန့်ကို ဖော်ဆောင်နေပါတယ်။ ညီခ စကားတစ်ခွန်း စ,လိုက်တဲ့အခါ ကြယ်တစ်ပွင့် ထပ်ပြီး ကြွေကျ တယ်။ ညတစ်ခုလုံး ကြယ်စင်အပိုင်းအစတွေ တင်းကြမ်းပေ

ညီခနဲ့ ကျွန်တော်ဟာ ညဦးယံရဲ့ လမ်းတွေထက်မှာ ဦးတည်ရာမဲ့စွာ အတူလျှောက်သွားနေကြတယ်။ ဒီလို ဦးတည် ရာမဲ့ လျှောက်သွားခြင်းကပဲ သူနဲ့ကျွန်တော့်ကို ဆုံမိစေခဲ့

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ ညတစ်ညမှာ အဝိပ္ပါယ်မဲ့ လမ်းလျှောက်ထွက်မိတဲ့ ကျွန်တော်ဟာ ကျွန်တော့်လိုပဲ အဓိပ္ပါယ်မဲ့ လမ်းလျှောက်ထွက်လာတဲ့ ညီခနဲ့ ဆုံခဲ့ကြတယ်။

ကျွန်တော်တို့ တွေ့စဉ်မှာ သူဟာ အရက်တွေ မူးနေပါတယ်။ သူဟာ မြင်မြင်ရာကို ဦးတည်ချက်မဲ့ လိုက်ငေးမောနေတယ်။ မရည်ရွယ်ပါဘဲနဲ့ ကျွန်တော်တို့ စကားတွေ ပြောမိသွားတယ်။ တစ်တန်းတည်းသားချင်းဖြစ်ပေမယ့် သူနဲ့ ကျွန်တော် တစ်ခါမှ ဟက်ဟက်ပက်ပက် မဆိုပြောခဲ့ဖူးပါဘူး။

သူ မိုးပွင့်ဖြူကို ချစ်နေတာကိုလည်း တခြားသူတွေဆီကမှ ကျွန်တော် သိခဲ့တာပါ။ ခုအကြိမ်ဟာ သူနဲ့ကျွန်တော် ပထမဆုံးအကြိမ် ဆက်ဆံဖူးခြင်းလည်း ဟုတ်တယ်။ ပြောပြီးသိပ်မကြာခင်မှာပင် ကျွန်တော်တို့ဟာ မိုးပွင့်ဖြူအကြောင်း ရောက်သွားခဲ့ပါတယ်။

အဲဒီကျမှ သူဟာအရက်တွေတင်မဟုတ်ဘဲ အလွမ်းတွေပါ မူးနေတာ သိလိုက်ရတယ်။ သူ့ကို မူးယစ်စေတဲ့ အလွမ်းဟာ ကျွန်တော့်ရင်ကိုလည်း ဝေဒနာတစ်ခုအဖြစ် ရောက် စိုက်ဝင်ပါတယ်။ ကြေကွဲရမလား၊ နာကျည်းရမလား

www.burmeseclassic.com

www.burmeseclassic.com



မစဉ်းစားနိုင်ခင်မှာ ညီခက စကားတွေနဲ့ ဆက်တိုက် ရင်ဖွင့်လာတယ်။ တားဆီးချိန် မရလိုက်ခင်မှာဘဲ သူဟာ ကျွန်တော့်ကောင်းကင်ရဲ့ ကြယ်ခြွေသူတစ်ယောက် ဖြစ်သွားတော့တယ်။

"ကျွန်တော် မိုးပွင့်ဖြူကို သိပ်ချစ်တယ်ဗျာ၊ သိပ်ကို ချစ်ခဲ့တယ်"

အဲဒီစကားကိုတော့ အကြိမ်ပေါင်းများစွာပဲ သူထည့်ပြောပါတယ်။ ကျွန်တော်လည်း ယုံပါတယ်။ ခံစားတတ်သူချင်းမို့ ကိုယ်ချင်းလည်းစာမိပါတယ်။ သူပြောသမျှတွေထဲက ကျွန်တော် အမိက စိတ်ဝင်စားခဲ့တာတွေကတော့ သူနဲ့ မိုးပွင့်ဖြူရဲ့ နောက်ဆုံးနေ့ထဲက ဖြစ်ရပ်တွေပါ။ အဲဒီနေ့က မိုးပွင့်ဖြူရဲ့ စကားတွေဆုံးတဲ့အခါ သူလမ်းခွဲထွက်သွားခဲ့တာကိုတော့ ကျွန်တော် သိနှင့်ပြီးသားပဲ။ အဲဒီတုန်းက မိုးပွင့်ဖြူဘာစကား တွေပြောခဲ့တယ်ဆိုတာကတော့ ကျွန်တော့်အတွက် သိပ်ကို အံ့သြမိရတဲ့ အကြောင်းရပ်တွေပါ။

"ပထမတော့ ကျွန်တော် အဆင်ပြေပြီလို့ ထင်မိတာဗျာ"

သူ အဲဒီစကားကို စတဲ့အခါကျတော့ ကျွန်တော်ဘာမှ ပြန်မပြောခဲ့ပါဘူး။ မချိပြုံး ပြုံးပြီးပဲနေလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းမှာတော့ သူထင်သလို အဆင်မပြေခဲ့လို့ ခုလို ကျွန်တော့်ကို ရင်ဖွင့်နေရတာ မဟုတ်လား။

"ဒါပေမယ့် တကယ်တမ်းကျတော့ဗျာ ..."

ဆိုပြီး သူ စကားကို မဆက်နိုင်ပြန်ပါဘူး။ တော်တော်ကြာမှပဲ ...

"သူငယ်ချင်းတွေ မိတ်ဆက်ပေးပြီးလို့ မကြာခင်မှာပဲ သူ ကျွန်တော့်ကို ပြတ်ပြတ်သားသား ပြောလာတယ်။ ကျွန်မနဲ့ ကိုညီခ ပွင့်ပွင့်လင်းလင်းပဲ ပြောကြရအောင်တဲ့။ ကျွန်တော် ရုတ်တရက် အဲဒီစကားကြားရတော့ ကြောင်သွားတယ်ဗျာ။ ရင်တွေဘာတွေတောင် အခုန်မြန်သွားမိတယ်"

ဒီစကားမှာလည်း ကျွန်တော် ပြုံးရပြန်ပါတယ်။ ဒီတစ်ခါတော့ တကယ်ကို ပြုံးမိတာပါ။ ခု ကျွန်တော်လည်း ရင်တွေ အခုန်မြန်နေရတယ် မဟုတ်လား။ ညီခကတော့ အတိတ်ကို တွေးတွေးဆဆနဲ့ သူ့စကားတွေကို လေးလေးလံလံ ရှေ့ဆက်နေပါတယ်။

"ဒါပေမယ့်ဗျာ သူ ဆက်ပြောတဲ့စကားတွေကတော့ ကျွန်တော် လုံးဝ မထင်မှတ်ထားတဲ့ဟာတွေပါ။ သူက ... ကျွန်တော် သူ့ကို စိတ်ဝင်စားနေမှန်း သိပါသတဲ့။ ဒါပေမယ့် အဲဒါကို ရှေ့မဆက်ပါနဲ့တော့တဲ့။ ကျွန်တော်က ချက်ချင်းပဲ

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲလို့ မေးလိုက်တယ်။ မဖြစ်နိုင်လို့ပါတဲ့။ သူ ပြောတဲ့အဖြေဟာ ကျွန်တော့်ကိုဘဝင်မကျစေခဲ့ဘူး။ လွတ်လပ်တဲ့ ယောက်ျားလေးနဲ့ မိန်းကလေးတွေဆီမှာ အချစ်နဲ့ ပတ်သက်လို့ မဖြစ်နိုင်ဘူးဆိုတာ ဘာရှိမလဲဗျာ၊ မဟုတ်ဘူးလား။ အဲဒါနဲ့ ကျွန်တော်လည်း အတင်းပဲ သူ့ကို ထပ်မေးလိုက်မိတယ်။ ကျွန်တော့်ကို စိတ်မဝင်စားလို့ဆိုရင်လည်း ပွင့်ပွင့်လင်းလင်းပြောပါပေါ့။ ဝေ့လည်ကြောင်ပတ်တော့ မလုပ်ပါနဲ့ပေါ့။ အဲဒီအခါကျတော့ သူ့မျက်နှာ ချက်ချင်းပဲ တည်သွားတယ်။ သူဟာ ချစ်ခြင်းမေတ္တာနဲ့ပတ်သက်ရင် ဘယ်တုန်းကမှ ဝေ့လည်ကြောင်ပတ် မလုပ်ခဲ့ဖူးပါဘူးတဲ့။ သူ့စကားကြောင့် ကျွန်တော် တစ်မျိုးတော့ ဖြစ်သွားတယ်။ နောက် အကြာကြီးပဲ ကျွန်တော်တို့ နှစ်ယောက်လုံး ငြိမ်နေမိကြတယ်။ အဲဒီအချိန်မှာ ဘာကြောင့်မှန်းတော့မသိဘူး။ ကျွန်တော့်စိတ်တွေဟာ တဖြည်းဖြည်း လေးလာခဲ့တယ်"

ခုချိန်မှာတော့ ဒီအကြောင်းတွေကို နားထောင်နေရတဲ့ ကျွန်တော့်ဆီမှာလည်း စိတ်တွေ တဖြည်းဖြည်း လေးလာနေခဲ့ပါပြီ။

"ဘော်တော်လေးကြာတော့မှ သူက ... ကျွန်တော် မကျေနပ်ဘူးဆိုရင်လည်း အမှန်ကိုပဲ ပြောလိုက်ပါတော့မယ်တဲ့။ တကယ်တမ်း သူ ကျွန်တော့်ကို လက်မခံနိုင်တာဟာ

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ချစ်နေတဲ့သူရှိနေလို့ပါတဲ့။ အဲဒီစကားအရောက်မှာ ကျွန်တော် ဖြတ်ပြီး ပြောပစ်လိုက်မလို့ပဲ။ သူ့မှာ ချစ်သူမရှိမှန်း ကျွန်တော် နဂိုထဲက သိနှင့်ပြီးသားပဲ။ ဒါပေမယ့် သူက အဖြတ်မခံဘဲနဲ့ စကားကို ဆက်တိုက်ဆက်တယ်။ ချစ်သူလို့ ဆိုပေမယ့် သူကသာ ချစ်နေရတဲ့သူပါတဲ့။ တစ်ဖက်သားက တော့ သိတောင် မသိပါဘူးတဲ့။ ဘယ်သူလဲ၊ ဘယ်ကလဲ ကျွန်တော်အတင်းပဲ မေးမိတယ်။ သူက သက်ပြင်းတစ်ခုကို ညည်းရှည်လျားလျားချပြီးမှ "သူရ" တဲ့"

ညီခရဲ့ စကားတွေ ဆုံးသွားတဲ့အခါ ကျွန်တော် နားကြားတွေများ မှားလိုက်သလားလို့ ထင်မိတယ်။ ကျွန်တော့် နာမည်ဟာ သူရ မဟုတ်ဘူး။ အဲ့ဒါတော့ ကျွန်တော် သေချာ သိတယ်။ တခြားတော့ ကျွန်တော်ရဲ့ အသိစိတ်တွေဟာ လွင့်မျောသွားခဲ့ရတယ်။ ညီခ စကားကို ရပ်လိုက်တဲ့အတွက် ကြယ်တွေကြွေနေတာဟာ ပိုသိသာ ထင်ရှားလာခဲ့တယ်။ သူ ပြောနေစဉ်ကလည်း ကြယ်တွေ ကြွေကျနေတာပါပဲ။ ဒါပေမယ့် သူ့စကားတွေက ကာထားလို့ ကျွန်တော် ဘာမှ မကြားမိဘူး။

ညီခ ကျွန်တော့်ကို လိမ်မနေမှန်း သိပေမယ့် ကျွန်တော် သူ့စကားတွေကို မယုံချင်ဘူး။ ဒါတွေဟာသာ အမှန်တရားဆိုရင် ကျွန်တော်တော့ သွားပြီပေါ့။ အဖတ်ဆယ် မရအောင် မှားယွင်းခဲ့ပြီပေါ့။ အာရုံထဲမှာ အတန်းထဲက

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေး သူရရဲ့သတ္တာန် ပေါ်လာတယ်၊ သူဟာ စာသင်ချိန်မှာ အမြဲပဲ ကျွန်တော့်ဘေးနားက ထိုင်သူပါ။ ဒါဆိုရင် မိုးပွင့်ဖြူ အကြည့်တွေရဲ့ ဦးတည်ရာဟာ ...

'ကောင်းကင်ကနေ ကြယ်တွေ တဝုန်းဝုန်း ကြွေကျသွားပြန်ပါတယ်။ နာကျင်တဲ့ ဒဏ်ရာတစ်ခုဟာ ရင်ထဲမှာ ပြင်းပြင်းပြပြပေါ်လာတယ်။ သူ့အကြည့်တွေကလွဲရင် ဘေးဘီကို ဂရုမစိုက်မိတဲ့အတွက် ကျွန်တော်ဟာ အဆိုးရွားဆုံး လွဲချော်ခဲ့ရပေါ့။ လှတဲ့အချစ်ကိုသာ မြင်တဲ့အတွက် စုံလုံးကန်းခဲ့ရတဲ့ ကျွန်တော်ဟာ သေရာပါအောင် စွန်းထင်းခဲ့ပါတယ်။

အမြဲပဲ ဘာလုပ်လုပ် ရှေ့ကိုသာမဲတတ်တဲ့ ကျွန်တော်ဟာ ဒီကိစ္စမှာတော့ နည်းနည်းလေး ဂရုစိုက်လိုက်ဖို့ ကောင်းတာ။ လူတွေနဲ့ မဆက်ဆံတတ်၊ လူတွေရဲ့သဘောကို နားမလည်တတ်ခဲ့ခြင်းဟာ ခုတော့ ကျွန်တော့်နှလုံးသားကို သေမိန့်ကျစေခဲ့ပါပြီ။

အချိန်အကြာကြီး တိတ်ဆိတ်နေပြီးမှ ညီခက စကားတွေကို လွမ်းလွမ်းဆွေးဆွေးနဲ့ ဆက်ပြန်ပါတယ်။ ဒီတစ်ခါ သူ့စကားတွေကတော့ တကယ့်ကို ကြေကွဲစရာပေါ့။

"မိုးပွင့်ဖြူကလေ၊ သူက နောက်ဆုံး ကျွန်တော့်ကို ဘာပြောသလဲ သိလား။ သူဟာ မိန်းကလေးတစ်ယောက်ပါတဲ့။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်မှာ ကိုယ်ချစ်တဲ့သူကို ချစ်ကြောင်း ပြောဖို့ရာ အခွင့်အရေးတွေ မရှိပါဘူးတဲ့။ သူရဟာ သူ ငယ်စဉ်ကတည်းက ချစ်လာခဲ့ရတဲ့သူပါ။ ဒါပေမယ့် သူရက တော့ သူ့ကို သူငယ်ချင်းတစ်ယောက်လိုတောင် ပြန်မခင်မင် ခဲ့ဘူးတဲ့။ မိန်းကလေးတစ်ယောက်ဟာ သူ့လာကမ်းလှမ်းတဲ့ သူတွေထဲကသာ ရွေးချယ်ပိုင်ခွင့်ရှိပြီး လောကကြီးထဲကနေ တော့ ရှာဖွေပိုင်ခွင့် မရှိဘူးတဲ့။ ဒါကြောင့်လည်း သူဟာ သူ့အချစ်တွေကို သူရေးတတ်တဲ့ ကဗျာတွေထဲမှာနဲ့ သူ့ အကြည့်တွေထဲမှာသာ မြှုပ်နှံဖော်ပြထားနိုင်ခဲ့တာပါတဲ့။ အဲဒီ စကားတွေပြောတုန်းက သူ့မျက်လုံးထဲမှာ မျက်ရည်တွေနဲ့ဗျာ။ ခါတိုင်းဆိုရင်တော့ ကျွန်တော် အဲဒီလောက် စိတ်မပျော့ပါဘူး။ ဒါပေမယ့် အဲဒီနေ့က သူ့အသံနဲ့ ဟန်တွေကို မြင်တဲ့အခါ ကျတော့ ကျွန်တော် ဘယ်လိုမှ စိတ်မထိန်းနိုင်ခဲ့ဘူး။ သူ့ စကားမဆုံးခင်ဘဲ သူ့နံဘေးက ကျွန်တော် ပြေးထွက်လာခဲ့ မိတယ်။ ပြီးတော့ အဲဒီညမှာ ကျွန်တော် ငိုမိတယ်ဗျာ၊ ဘာ ကြောင့်မှန်းမသိဘဲနဲ့ ကျွန်တော် ငိုမိတယ်"

ကောင်းကင်ကနေ ကြယ်တွေ ထပ်ကြွေကျသွားပြန် ပါတယ်။ ကြယ်တွေ အများကြီးကို အန်ချထားခဲ့ရဖို့ ကောင်းကင်ဟာ အတော် အားနည်းဖျော့တော့နေပါပြီ။ ကျွန်တော့် နားထဲမှာလည်း အူလာတယ်။ ညီညီရဲ့ စကားသံ

www.burmeseclassic.com

www.burmeseclassic.com



တွေကို ကျွန်တော် ကြားတစ်ချက် မကြားတစ်ချက်နဲ့။ နောက် တော့ သူဟာ ပြောရာကနေ ရပ်ပြီး ကျွန်တော့်ကို မေးခွန်း တွေ မေးနေပြန်ပါတယ်။

"ကျွန်တော် မိုးပွင့်ဖြူကို ဘာကြောင့်ချစ်မိလဲဆိုတာ ခင်ဗျားသိလား၊ ဟင်၊ သိလား"

ကျွန်တော် ပြန်မဖြေဖြစ်ခဲ့ပါဘူး။ ကျွန်တော့်မှာ ဖြေ နိုင်ဖို့လည်း အားတွေမရှိတော့ဘူး။ ကျွန်တော့်ဆီက အဖြေ မရပေမယ့်လည်း ညီခက သူ့ဟာသူ စကားကို ဆက်ပါတယ်။ သက်ပြင်းချသံတစ်ခုနဲ့ အတူပေါ့ ...

"သူ့ကို ကျွန်တော် ချစ်မိတာဟာ သူ့ကဗျာတွေက စတာပါပဲ။ ရယ်စရာတော့ အကောင်းသား။ သူ 'သူရ' ကို ရည်ညွှန်းပြီးရေးတဲ့ ကဗျာတွေကို ကျွန်တော်က ကျွန်တော့် အတွက်လို့ ထင်ခဲ့မိတယ်။ အရင်ဆုံး ကျောင်းမဂ္ဂဇင်းမှာ ပါကတည်းက သူ့ကဗျာတွေကို ကျွန်တော် စိတ်ဝင်စားခဲ့တာ။ တစ်ဖက်သတ် အချစ်အကြောင်း ရေးတဲ့ မိန်းကလေး တစ်ယောက်ရဲ့စာမို့ မှတ်မှတ်ထင်ထင် ရှိမိတယ်။ နောက် အပြင်မဂ္ဂဇင်းတွေမှာပါ သူ့ကဗျာတွေကို ဖတ်လာရတယ်။ အထူးသဖြင့် သူဟာ ကျွန်တော်နဲ့ တစ်တန်းတည်းသားချင်း ဖြစ်မှန်းသိတော့ ကျွန်တော့်စိတ်တွေ စပြီး လှုပ်ရှားခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com



ဗျာ။ သူ့ကဗျာတွေထဲမှာပါတဲ့ အရပ်မြင့်မြင့်၊ မေးရိုးကားကား၊ ဘယ်ဘက်မျက်ခုံးမှာ မှဲ့နဲ့၊ တစ်ခါတလေ ဘောင်းဘီတွေ ဘာတွေ ဝတ်တယ်ဆိုတဲ့ သူ့ရဲ့ စာသင်ဖက်ဆိုတာဟာ ကျွန်တော့်ကို ပြောတာများလားလို့ စိတ်ကူးယဉ်မိလာတယ်။ အဲဒီကနေစလို့ သူ့ကို စွဲလမ်းမိတာပါပဲဗျာ။ သူက သိပ်လှ လွန်းတာလည်းပါတာပေါ့"

ညီခရဲ့စကားတွေဟာ မဆုံးပါဘူး။ သူ ဆက်ပြောရင်း ပြောရင်းနဲ့ ကျွန်တော့်နားထဲမှာ ဝါးသွားပြီး ကြယ်ကွေ ကြွေနေသံကိုသာ စူးစူးရှရှ ကြားလာရတယ်။ အဖြစ်ချင်း တူနေတဲ့အတွက် ကျွန်တော် သူ့ကို ပိုစာနာသွားမိပါတယ်။

"အချစ်" ဆိုတာ ကျွန်တော်တို့လို တစ္ဆေမကြောက်တဲ့ မျက်ကန်းတွေကို အဲဒီလိုမျိုး မျက်လှည့်ပြတတ်ပါသလား။ အခုအဖြစ်မှာ သူရော ကျွန်တော်ရော မိုးပွင့်ဖြူပါ ဘယ်သူ့မှ အနိုင်မရခဲ့ပါဘူး။ ဒါပေမယ့် ဒီကိစ္စအတွက်တော့ မိုးပွင့်ဖြူမှာ အပြစ်မရှိလေဘူး။ တကယ်တမ်းမှာ ဆန္ဒက ပုံဖော်မိတဲ့ အမှား အတွက်သာ ကျွန်တော်တို့ အားလုံးမှာ တာဝန်ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၈)

အဲဒီနောက်တော့ ကျွန်တော်ဟာ အဆုံးမရှိတဲ့ အဝေးကို တမျှော်တခေါ်ငေးရင်း အတွေးတွေ လွင့်လွင့်မျော မျော ဖြစ်နေမိတယ်။ ကိုယ့်ဖို့လို့ထင်တဲ့ ပန်းလေးဆီ လက်လှမ်းလိုက်တဲ့အခါ အဲဒါဟာ အရိပ်တစ်ခုသာ ဖြစ်နေခဲ့။ အဲဒီ အရိပ်ကလေးကိုပဲ လှုပ်ခတ်ဖို့ ကြိုးစားပြန်တဲ့အခါ လုံးဝ ကွယ်ပျောက်သွားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ကျွန်တော့်အတွက် ထမင်းလုံးတစ္ဆေခြောက်တဲ့ အိပ်မက်တွေပါပဲ။ ဒဏ္ဍာရီတွေထဲမှာ ကလေးတစ်ယောက်ဟာ နတ်ရေကန်ထဲကို ခုန်ချရင် ချက်ချင်း လူလားမြောက်သွားနိုင်သလိုမျိုး၊ အခု ကျွန်တော့်ရဲ့ အလွမ်းတွေဟာလည်း နတ်ရေကန်ထဲကို ခုန်ချတဲ့အလွမ်းတွေပါပဲ။ ချက်ချင်းပဲ ကြီးပြင်းရင့်မာ မိုးပွင့်ဖြူကို ကျွန်တော် ဘယ်တော့မှ ပိုင်ဆိုင်ရတော့မှာ မဟုတ်မှန်း သိလိုက်ရချင်းမှာပဲ ရင့်ရော်စွာ ကျွန်တော်လွမ်းခဲ့ပေါ့။

အနာတရစိတ်တွေကိုယ်စီနဲ့ ညီခနဲ့ ကျွန်တော်ဟာ အသံမဲ့စွာ လမ်းပေါ်မှာ အကြာကြီး ရပ်မိကြတယ်။ အကြာကြီးမှ တကယ့်ကို အကြာကြီးပါပဲ။ အဲဒီအချိန်မှာ ကြယ်တွေကြွေကျနေခြင်းကသာ လောကကြီးမှာ အသက်ဝင်နေတယ်။

ကျွန်တော်တို့ရဲ့ ဆက်ပြီး မပြောဖြစ်တော့တဲ့ စကားတွေဟာ ညရဲ့အမှောင်ထဲကို ဝင်ရောက်ပြီး ညကို ပိုလို့မှောင်စေခဲ့တယ်။

မိုးပွင့်ဖြူနဲ့ ပတ်သက်ရင်တော့ မျှော်လင့်စရာမရှိတော့တဲ့အတွက် ကျွန်တော့်ရင်ထဲမှာ ဝေဒနာပဲ ကျန်ပါတော့တယ်။ နောက်တော့ ကျွန်တော် ညီခကိုလည်း ကျွန်တော့်ဘက်ကအကြောင်းတွေကို တိုးတိုးသက်သာ ပြောပြခဲ့။ ကျွန်တော် မိုးပွင့်ဖြူကို ဘယ်လောက်ချစ်မိတဲ့အကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ချစ်မိတဲ့ အကြောင်းတွေပေါ့။ ကျွန်တော့်စကား တွေကိုလည်း ညီခက အသက်မဲ့စွာ နားထောင်ပါတယ်။ သူလည်း ကြယ်တွေကြွေကျနေတာကိုသာ အသိရှိနေပုံပါပဲ။

နောက်ဆုံးတော့ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ပခုံးတစ်ယောက်ဖက်မိကြတယ်။ ဒါဟာ ငွေ့ပိုက်နှစ်သိမ့်မှုလား၊ အားယူတွဲခိုမှုလား။ ဘာမှ မသေချာတဲ့ အနေအထားမျိုးနဲ့ ကျွန်တော်တို့ တရွေ့ရွေ့ ခရီးကို စလိုက်ကြပါတယ်။ အဲဒီအချိန်မှာတော့ ကောင်းကင်မှာ ကြယ်တွေမကြွေကျတော့ပါဘူး။ ဘာလို့ဆိုရင် ကြွေကျစရာ ကြယ်တစ်ပွင့်မှ သူ့ခမျာမကျန်တော့လို့ပါပဲ။ ဟာလာဟင်းလင်းဖြစ်နေတဲ့ ကောင်းကင်ကြီးအောက်ကနေ လူနှစ်ယောက်ဟာ ကြေကွဲစွာ အမှောင်ထဲကို တအိအိ တိုးဝင်ခဲ့ပါတော့တယ်။

*

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းတော့ ဒါဟာ ပဟေဠိတစ်ခုကို ရှိုးသား စွာ အဖြေရှာမိခဲ့တဲ့ ကောင်လေးတစ်ယောက်ရဲ့အကြောင်း တွေပါ။ ဒါပေမယ့် သူမသိတာက အဲဒါဟာ ပဟေဠိတစ်ခု မဟုတ်ဘဲ နဂိုထဲက သူ့အတွက်မဟုတ်တဲ့ အဖြေတစ်ခု ဖြစ် နေခဲ့တယ်ဆိုတာကိုပဲ။

မျက်ဝန်းနက်တစ်စုံသို့ ....

www.burmeseclassic.com

www.burmeseclassic.com



# တွယ်တာသူ့တေး ( ၄ )

## ပန်းပွင့်ပုံပြင်

www.burmeseclassic.com

www.burmeseclassic.com



# ပန်းပွင့်ပုံပြင်

အကယ်၍သာ ဖြစ်နိုင်မည်ဆိုပါလျှင် ကမ္ဘာမြေအောက်ခြေမှ မီးသင့်ကျောက်ခဲလေးတစ်တုံးကို ယူ၊ မပူအောင် တဖူးဖူးမှုတ်၍ သူမကို လက်ဆောင်ပေးချင်ပါသည်။

အကယ်၍သာ ဖြစ်နိုင်မည်ဆိုပါလျှင် တိမ်တိုက်စုအစွန်းကိုခိုစီး၍ သူမဆီ အလည်သွားချင်၏။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာမြေပေါ်၌ ကျွန်တော်ပိုင်ဆိုင်နိုင်သမျှ အရာအားလုံးနှင့်သာလဲလှယ်၍ရမည်ဆိုပါက သူမ၏ ဝဲဘက်ခြေသျှိုးကလေး၌ နေထိုင်လုပခွင့်ရသော ငွေမောင်းကွင်းလေး ဖြစ်လိုပါသည်။ သို့သော် ထိုမျှကြီးမားသော အခွင့်အရေးနှင့် လဲလှယ် ဖို့ရန် ကျွန်တော့်မှာ တန်ရာတန်ကြေးမရှိ။ ဟောင်းနွမ်းနေ သော (သံကြိုးမကြာခဏလဲပြီး) ဖိနပ်တစ်ရံ၊ ဘောပန်ခပ်စုတ် စုတ်တစ်ချောင်း၊ လုံးဝမလှပသော ရုပ်ရည်နှင့် လုံးဝလှပသော သူမအတွက် အကြင်နာများသာရှိ၏။

သူမနှင့် ကျွန်တော်တို့သည် တိုက်တစ်လုံး၊ ကားတစ်စီး၊ ရတနာမျိုးစုံ တစ်ဆင်စာနှင့် ငွေသိန်း ငါးဖထောင်ကျော်စာဝေး၏။ ထိုစကားအမှန်ပင်ဖြစ်ပါသည်။ မှန်သောစကားကိုဆိုလျှင် ဘယ်လိုအကျိုးသက်ရောက်နိုင်မှန်းမသိ။ သူမနှင့် နီးဖို့ကိုတော့ မစွမ်းဆောင်နိုင်တာ သေချာသည်။

တစ်ခါကဖြစ်၏။ သူမလျှောက်သွားသောလမ်းတွင် သူမခြေရာများအတိုင်း ကျွန်တော် လျှောက်လှမ်းခဲ့ဘူးသည်။ ထိုစဉ်က ခြေရာချင်းတစ်ထပ်တည်းကျနိုင်ခဲ့သော်လည်း ဘဝချင်းတော့ မပေါင်းစပ်နိုင်ခဲ့ပါ။ ကျွန်တော် ငိုသည့်အခါ ကျွန်တော့်ကိုယ် ကျွန်တော်မြင်၍ ကျွန်တော်ရယ်သည့်အခါ သူမကိုမြင်သည်။ အခါများစွာပွင့်ဖူးပြီးသော ပန်း၏အရောင်ကို အပြာနုရောင်လေးများ ဖြစ်နေမလားဟု ရှုမိုက်စွာ စောင့်ခဲ့ဘူး၏။

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဘာရီထဲမှ ဆံပင်တစ်ခြမ်း မျက်နှာလေးကို ကွယ်၍ ထွက်လာသော သူမနှင့်ဆုံစဉ် ကျွန်တော်တစ်ယောက် ထဲနှင့် တတိယကမ္ဘာစစ် ဖြစ်ပွားခဲ့ရ၏။ ရှုးမိုက်သူများစာရင်းတွင် ကျွန်တော့်ကို ထည့်ထားလိုက်ကြပါ။

သူမနှင့် တွေ့လျှင် ကျွန်တော် ရေမဆာပါ
ခြေလှမ်းမမှားပါ
မျက်နှာအောက်ချမနေပါ

သူမ၏နှာတံလေးကို လက်ညှိုး လက်မတို့နှင့် လိမ်ညှစ်၍ သူ၏နဖူးစပ် ဆံစတို့ကို လေဖြင့် ပြင်းပြင်းမှုတ်ချင်၏။ သူမ နင်းဖြတ်သွားသော ပန်းပွင့်တို့ကို ရေတွက်ချင်သည်။ ကျွန်တော့်အတွက် သက်ပြင်းတစ်ခုချတိုင်းတွင် တစ်ခြမ်းသည် ကျွန်တော့်ဘဝအတွက်ဖြစ်၍ တစ်ခြမ်းမှာ သူမအတွက်ဖြစ်သည်။ စပယ်တွေ တစ်ရုံလုံးပွင့်သော ရာသီတွင် သူမနှင့်ဆုံ၏။ သူမနာမည်သည် စပယ် (သို့) ဖြူ (သို့) အခြားသော စံပယ်ပန်းနှင့် ပတ်သက်သည့် နာမည်တစ်မျိုးမျိုး ဖြစ်သင့်သော်လည်း သူမအမည်မှာ မြတ်နိုးသွယ်သာဖြစ်၏။

လွယ်အိတ်လွယ်သည်။ ကိုယ်ပိုင်ကား စီးသည်။ ကန်တင်းတွင် မုန့်မစား၊ ဖိတ်စကို မိုးပါးမသိ၊ နရီမင်း မကြိုက်။ မင်းမော်ကွန်းနှင့် Examplez ကို ကြိုက်၏။ ရေနံနှာ သုံးပါးကို ကြည်ညိုသည်။ ကျွန်တော် သူမကိုချစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပိတောက်တွေပွင့်နေပြီဟု တစ်ယောက်ယောက်က ပြောသောအခါ သူမကို ကျွန်တော် သတိရသည်။

ကြယ်တွေကြွေနေပြီဟု တစ်ယောက်ယောက်က ပြောသောအခါ သူမကို ကျွန်တော် သတိရသည်။

ဟယ် ... ဟိုပန်းချီးကားလေး လှလိုက်တာဟု တစ်ယောက်ယောက်က ပြောသောအခါ သူမကို ကျွန်တော် သတိရသည်။

သို့သော် ထိုအရာအားလုံးနှင့် သူမ မတူပါ။

ဝဲဘက်ခြေညိုးတွင် ငွေမောင်းကွင်းလေးစွပ်၍ ယာဘက်ခြေကျဉ်းတွင် ရွှေကြိုးပျော့ပျော့လေးကို ဆင်ယင်သော ဆံပင်တိုတို၊ အသံစာစာ၊ နှုတ်ခမ်းလှလှနှင့် ကောင်မလေးသည် ကျွန်တော်တို့မေဂျာမှာ "ကွင်း" ဖြစ်၏။ ကျွန်တော့် တစ်ယောက်ထဲ၏ ဘုရင်မဖြစ်သည်။ ကျွန်တော် အကြိမ်ပေါင်းများစွာပင် (အိပ်မက်၌) ခိုးခိုးနမ်းသည်ကိုလဲ ခံရဘူး၏။

သူမကို ကျွန်တော်က "သွယ်" ဟုခေါ်ပြီး သူမက ကျွန်တော့်ကို ဘယ်လိုမှမခေါ်ပါ။ ကျွန်တော့်ခေါ်သံကို သူမ မကြားရသောကြောင့် ဖြစ်ပါလိမ့်မည်။ ထိုနေ့ညက ကျွန်တော် အိမ်ပြန်ရောက်လာသောအခါ မိုးရွာ၏။ မိုးရေများ စိုရွှဲပေကျံနေသော လက်ဖြင့် သူမကို ပွေ့ဖက်ချင်သည်။ ထိုအခိုက် သူမတို့အိမ်၌ မိုးမရွာဘဲရှိ၏။ ကျွန်တော်တို့အိမ်လေး၏ အမိုးတံစက်မြိတ်အောက်မှာထိုင်ရင်း သူမကို တိုးတိုးလေး ခေါ်နေ

www.burmeseclassic.com

www.burmeseclassic.com



မိသည်။ မိုးရေပေါက်တွေ ကျွန်တော့်ဆီ ဝင်လာကြ၏။ မိုးရေ ဆံတိုင်းကြီး၏ နောက်၌ သူမနေသည်။ မိုးပေါက်ပြင်းထန်သော အပြင်အထုကို ဖောက်ထွင်းကျော်ဖြတ်ရန် ကျွန်တော် မတတ်နိုင်။ ကျွန်တော့်ထံတွင် ထီးတစ်လက်မှမရှိသောကြောင့် ဖြစ်၏။

(သူမ၏ ခြေလှမ်းတိုင်းသည် ကျွန်တော့်နှလုံးခုန်သံ ဖြစ်၏။)

သူမ၏ မျက်တောင်ခတ်ဆုံးလေးတစ်ချက်ဝင့်တိုင်းသည် ကြယ်ကြွေညဖြစ်သည်။

သူမ၏ ခြေဖမိုးလေးတို့မှာ ပန်းပွင့်၏ ပွင့်ချပ်လွှာ ဖြစ်၏။

ထို့ကြောင့် သူမ ခြေချလိုက်သည့် ပွင့်ဖတ်လေးတိုင်း ကျွန်တော်ဖြစ်သည်။

သူငယ်ချင်းတစ်ယောက်က မိတ်ဆက်ပေးသောအခါ "ဟုတ်လား" ဟု အံ့ဩဟန်လေးသည် ခု ကျွန်တော့်စုဘူး လေးထဲ ရောက်သွားပြီ။ ဘာကဗျာတွေ ရေးတာလဲဆိုကာ ဖတ်ကြည့်ချင်ပါသည်တဲ့။ ကျွန်တော် သူမကို တစ်ပုဒ်တည်း သော ကဗျာစာရွက်လေး သွားပေးခဲ့သည်။ နောက်တစ်ကြိမ် ထပ်၍ ရေးမရသော ကဗျာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



“အင်း၊ ဖတ်ကြည့်လိုက်မယ်” ဆိုကာ သူမ မေ့လျော့ထားခဲ့သည် သူမမေ့ထားခဲ့သည်မှာ ထိုအချိန်မှစ၍ တစ်ဘဝစာပင် ကြာမြင့်ခဲ့၏။ ၎င်းမေ့လျော့ခြင်းတွေကို ဘယ်သူက သက်တမ်းတိုးပေးနေခဲ့သလဲ ကျွန်တော်မသိ ....။ သူမနှင့် ကျွန်တော်၏ ပူးထပ်ဖူးသောခြေရာများ ယခုထိ ကုံကော်တန်း တစ်နေရာ၌ ကျန်ကောင်း ကျန်နေပါလိမ့်ဦးမည်။

အကယ်၍သာ ဖြစ်နိုင်မည်ဆိုပါလျှင်
သူမကို ထိုကဗျာအကြောင်း ရှင်းပြချင်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



# တွယ်တာသူတေး ( ၅ )

## ပင်လယ်ရည်းစား

www.burmeseclassic.com

www.burmeseclassic.com



## ပင်လယ်ရည်းစား

ပန်းလေးတစ်ပွင့် တဖြည်းဖြည်းပွင့်လာပြီးတော့ ကြွေသွားတာကို ထိုင်ကြည့်နေရတဲ့အချိန်မျိုးလေးဟာ ကြည်နူးစရာအကောင်းဆုံးပဲ။ ပြီးတော့ သီချင်းလေးတစ်ပုဒ်ကို ခပ်တိုးတိုးလေး တစ်ယောက်ထဲ ငြီးနေရတာမျိုး၊ အေးချမ်းတဲ့ အမှောင်ထဲကနေ လရောင်ကို ငေးကြည့်နေရတာမျိုးတွေ အထူးသဖြင့် သူ့နားနေရတဲ့ အချိန်လေးတွေမှာပေါ့ ...

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးရတယ်ဆိုတာဟာ မှုန်မှိုင်းနေတဲ့ မြူနှိုးတွေ လိုပါပဲ။ လှပခမ်းနားသလောက် ဆုပ်ကိုင်ချင်လို့တော့ မရဘူးပေါ့။ ဒါပေမယ့် ကျေနပ်စရာတော့ အတော်ကောင်းတယ်။ သူ့မျက်နှာလေးကို ငေးကြည့်နေတာ ... ဘာမှ မလုပ်ဘဲ၊ မလှုပ်ရှားဘဲနဲ့ ဒီအတိုင်းလေးထိုင်ကြည့်နေရတာမျိုးဟာပေါ့။

သူ့လက်ကလေးတွေ လှုပ်ရှားတာ၊ ခြေလေး ခါယမ်း တာ ဆံပင်လေးကို သပ်တင်ပြီး တိုးတိုးလေးရယ်တာ၊ ကျွန်တော့်ကို မျက်လုံးလေးထောင့်ကပ်ကြည့်ပြီး ဟင့်ကနဲ နှာခေါင်းရှုံ့လို့ မျက်နှာပြန်လွှဲသွားတာ။ တစ်ခါတစ်လေ မပြုံးဘဲ၊ မရယ်ဘဲနဲ့ ကျွန်တော် ရှုတည်တည်နဲ့ စိုက်ကြည့်နေတတ်တာမျိုးတွေ အကုန်ကို ကျွန်တော် အမြဲတမ်းပဲ ကြည့်နေချင်မိတယ်။ သူက ပြောတော့မှ မျက်နှာလွှဲလိုက်မယ်ပေါ့။

"ဘာကြည့်နေတာလဲ" လို့ အရယ်တစ်ဝက်နဲ့ သူ ပြောတဲ့အခါမျိုးမှာလေ

သူ့အကြောင်းတွေ စဉ်းစား၊ သဲမြေခပ်မွမွပေါ်မှာ သူ့နာမည်ကိုရေး၊ ဒိုင်ယာရီစာအုပ်ထဲမှာ နေ့စဉ် သူဖတ်တဲ့ အကျီအရောင်တွေကို မှတ်၊ သူရယ်တဲ့အခါ လိုက်ရယ်၊ ခုံတန်း ပြာလေးတွေမှာ ထိုင်၊ အင်းလျားရေပြင်ကို အငေးမဲ့ ခဲနဲ့ပစ် ...

www.burmeseclassic.com

www.burmeseclassic.com



အဲဒါဆိုရင် ကျွန်တော့်ဘဝလေး ငြိမ်းချမ်းနေတော့တာပါပဲ။

ဘာရယ်မဟုတ်ပါပဲနဲ့ စိတ်ထဲ မွေ့ပျော်နေမိတဲ့အချိန်မျိုးတွေမှာဆို သူ့ကို အမြဲပဲ ထိုင်ကြည့်နေချင်မိတယ်။ ရင်ထဲ ကြေကွဲရတဲ့အခါမျိုးမှာလည်း သူ့ကို ကြည့်နေချင်တာပါပဲ။ သူ့မျက်နှာလေးက အတော့်ကိုလှတယ်။ ထင်ထင်ရှားရှားကို ဝင်းပနေတဲ့အလှမျိုးပဲ။ အားနေတဲ့အခါ တွေးမိတော့ သူ့မျက်နှာလေးကို စိတ်ထဲကနေ သုံးပိုင်းခွဲခြားနေမိတယ်။ နက်မှောင်ရှန်းစိုနေတာက တစ်ပိုင်း၊ ဖူးအိနေတာက တစ်ပိုင်းနဲ့ နီထွေးနေတာလေးက တစ်ပိုင်းပေါ့။ သူ့မျက်ဝန်းကလေးရယ်၊ သူ့ဆံပင်တွေရယ်၊ ထူထဲဖြောင့်စင်းတဲ့ မျက်ခုံးတန်းလေးတွေရယ်ဟာ အမြဲ နက်မှောင်ရှန်းစိုနေတာပါပဲ။ (ကြည့်လိုက်တိုင်း အရည်လဲ့နေတဲ့ သူ့မျက်ဝန်းတွေရဲ့အကြည့်ကို ကျွန်တော် ဘယ်တော့မှ ကြာကြာစိုက်ကြည့် တောင့်မခံနိုင်ခဲ့ဘူးလေ။)

ဖူးအိနေတဲ့အပိုင်းကတော့ သူ့နှာခေါင်းလုံးလုံးလေး၊ နဖူးတင်းတင်းလေးနဲ့ ပါးမို့မို့ဝင်းဝင်းကလေးပဲ။ မျက်မှောင်နှစ်ခုရဲ့စပ်ကြားကနေ ဖြောင့်တန်းသွယ်စင်းကျလာတဲ့ သူ့နှာတံလုံးလုံးလေးဟာ အင်မတန် ချစ်စရာကောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်လေများ ချွေးသီးသေးသေးလေးတွေ စုနေရင် အရမ်းလှတာပဲ။ သူ့နဖူးလေးကလဲ ဆံမျှင်တွေ တစ်ခါတစ်လေ ဝဲကျပြီး မွေးညင်းနုစိမ်းစိမ်းကလေးတွေနဲ့ တင်းတင်းပြည့် ပြည့်ကလေး။ သူ့ပါးလေးကတော့ ဖောင်းအိပြီး နေတာပါပဲ။ တစ်ခါတစ်လေများ ခဲတံချွန်ချွန်ကလေးနဲ့ ထိုးကြည့်လိုက်ရင် ဖြန်းကနဲ ပေါက်သွားမလားတောင် ထင်မိတယ်။

သူ့နှုတ်ခမ်းလေးတွေရယ်နဲ့ နားရွက်ကလေးတွေ နှစ်ဘက်ကတော့ နီထွေးလို့နေတယ်။ ကျွန်တော် ဘယ်တော့မှ သူ့နှုတ်ခမ်းတွေကို ကြာကြာမကြည့်ရဲဘူး။

အဲဒီနှုတ်ခမ်းတွေရယ်၊ မျက်လုံးလေးတွေရယ်ဟာ သူ့မှာ အထူးခြားဆုံး နှစ်ခုလုံးကို သေသေချာချာ အကြာကြီးစိုက်ကြည့်နေမိရင် သီးခြားကမ္ဘာတစ်ခုထဲ ရောက်သွားသလိုပဲ။ သူ့မျက်လုံးတွေက မှောင်မိုက်တဲ့ ညနက်လေပြည်တွေရှိရာ နက်ရှိုင်းချောက်ကမ်းပါးအောက်ခြေကို ပို့ပေးတတ်ပြီး သူ့နှုတ်ခမ်းလေးတွေကတော့ နှင်းဆီပန်းခင်းတစ်ခုဆီ ပို့ပေးတတ်တယ်။

တော်တော်ကိုလှတဲ့ နှင်းဆီပန်းခင်းပြင်ဆီပေါ့။ တစ်ခင်းလုံးဟာလဲ မပွင့်ကြသေးဘူး။ ပန်းရောင်ရဲထွတ် ပွင့်ချပ်လေးတွေကိုယ်စီနဲ့ ကိုယ့်ကိုယ်ကို ပြန်ပိုက်ထွေးကြတဲ့ပန်းတွေ အကုန် ဖူးရှနေကြတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သူ့နားရွက်လေးတွေဟာတော့ ကျွန်တော့်စိတ်ကို အဆွပေးနိုင်ဆုံးပါပဲ။ ဘာကြောင့်ရယ်တော့မဟုတ်ဘဲနဲ့ သူ့နားရွက်လေးကို ခပ်ဖွဖွ အသာလေး ထိုင်ကြည့်ချင်မိတယ်။ တစ်ခါတလေများကို သိပ်သီချင်တာပဲ။ သူ့နားရွက်ဖျားလေးရဲ့ အထိအတွေ့ဟာ ဘယ်လိုလေးများနေလိမ့်မလဲဆိုတာ...။

သူ့အလုပ်ဟာ အနုပညာဆန်တယ်။ ထူးခြားတာကတော့ သူ့နားနေရတဲ့အခါ အမြဲတမ်း ရာသီဥတုဟာ နေချိုနေသလိုပါပဲ။ ကျွန်တော် သိပ်ကြိုက်တဲ့ ဆည်းဆာအချိန်မျိုးမှာလို အရှိန်းလည်း မမှောင်၊ အရမ်းလဲမလင်းဘဲ တော်သင့်ရုံ အနွေးဓာတ်တွေနဲ့ လောကဟာ နေလို့ သိပ်ကောင်းတယ်။ အဲဒါဟာ အချိန်မရွေးပါပဲ။ ဘယ်လိုအချိန်မျိုးဖြစ်ဖြစ် သူ့နားရောက်သွားရင် ကျွန်တော့်အဖို့ တစ်လောကလုံး အေးချမ်းသွားတာပါပဲ။

သူအမြဲဆိုပြတတ်တဲ့ သီချင်းလေးတစ်ပုဒ်ရှိတယ်။ နိုင်ငံခြား သီချင်းလေးတစ်ပုဒ်ပါ။ ကျွန်တော်သိသလောက်တော့ အဲဒီက စာသားလေးတစ်ခုရဲ့ မြန်မာလိုအဓိပ္ပါယ်က ...

"မှန်တယ်၊ မှားတယ် ငါမသိ၊ ငါ့နှလုံးသားရဲ့ အလို အတိုင်းသာ ..." တဲ့

ကျွန်တော် သိပ်ကြိုက်တာပဲ။ ကျွန်တော်လဲ အဲဒီလို မျိုးလေးပဲ နေချင်တယ်။ တကယ်တမ်းလဲ အဲဒီလိုမျိုးလေးပဲ နှလုံးသားက စေစားတဲ့အတိုင်း နေခဲ့တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူနဲ့တွေ့၊ စကားတွေပြော၊ သူလျှောက်တဲ့လမ်းက ပန်းပွင့်တွေကို ရေတွက်၊ သူထိုင်ချင်တဲ့အခါ တွေ့ရတဲ့ထိုင်ခုံကို ဖုတ်ဖပ်ခါလို့ ရင်ထဲရှိတာကတော့ သူ့ကို ကျွန်တော် ချစ်တယ်။

ဒါပေမယ့် မြတ်နိုးတယ်ဆိုရင် ပိုမှန်မလားဘဲ။ (သူ့ရဲ့ ပြောပုံ၊ ဆိုပုံ၊ ဒေါသထွက်ပုံ၊ စိတ်ဆိုးပုံလေးတွေမှန်သမျှ ကျွန်တော် တန်ဖိုးထား သိမ်းဆည်းထားတတ်တယ်။) သူ တစ်ကြိမ်လေး ဆဲရေးခဲ့ဘူးတာအစပေါ့။

တော်တော့်ကို ရှားရှားပါးပါးပဲ။ ကျွန်တော်နဲ့ ဆက်ဆံဘူးတဲ့ သက်တမ်းတစ်လျှောက် သူ အဲဒီတစ်ကြိမ်လေးပဲ ဆဲရေးသလို ရေရွတ်မိခဲ့ဘူးတယ်။

အသေအချာကြီးတော့ မဟုတ်ပါဘူး။ ပီပီသသကြီးလဲ မဟုတ်ဘူး။ လူတစ်ယောက် သူ့ကို ရိုင်းပျသွားတဲ့ မခံမရပ်နိုင်လွန်းလို့ တိုးတိုးလေး ပြောဆိုမိတာ။ ကျွန်တော်ကတော့ သူ့အမြဲဂရုထားနေတဲ့သူဆိုတော့ ကြားတာပေါ့။ ပါးစပ်ကနေ "တောက်" ကနဲ ခေါက်လိုက်ပြီး ပြောချင်တဲ့စကားလုံးကို "သောက်, ရေးမပါတာ" လို့ပဲ "သောက်" နဲ့ အစားထိုးပြီး ပြောသွားတယ်။ ကျွန်တော်ကတော့ သူ့ဆီက အဲဒီလိုစကားမျိုးတွေ လုံးဝမကြားဖူးတာနဲ့ ပထမ နည်းနည်း ကြောင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့မှ သတိရတော့ အရမ်းကို ရယ်ချင်သွားတာပဲ။ သူ့ပုံစံလေးကိုလဲ အရမ်းချစ်သွားမိတယ်။ သူ့အသံလေးက အဲဒီမှာ ကလေး,လေးတစ်ယောက်လိုပဲ။ စိတ်ထဲဘာမှမရှိဘဲနဲ့ ရုတ်တရက် ဒေါသထွက်လွန်းလို့ လွှတ်ကနဲထွက်သွားပုံမျိုးလေး။ ပြီးတော့မှ ပါးစပ်ကို လက်ကလေးနဲ့ ပိတ်ပြီး ပြောမိတဲ့စကားကြောင့် တိုးတိုးလေး ပြန်ရယ်နေတယ်။ ကျွန်တော်ကလည်း သူနဲ့အတူ လိုက်ရယ်မိတယ်။

အဲဒီလိုရယ်တာကိုမြင်တော့ သူရေရွှတ်လိုက်တာကျွန်တော်ကြားသွားမှန်းသိပြီး သူရှက်သွားတယ်နဲ့တူပါတယ်။ ပိုပြီးတော့ ထပ်ရယ်။ ကျွန်တော်ကလဲ သူ့ကြည့်ပြီး ပိုရယ်နဲ့ အဲဒီနေ့က ကျွန်တော်တို့ ရယ်သံတွေ အဆုံးကိုမသတ်တော့ဘူး။

စိတ်ထင်လို့လားတော့မသိဘူး။ သူ့အမူအကျင့်လေးတွေ အားလုံးဟာ အမြဲ ချစ်စရာကောင်းနေတတ်တယ်။ သူ့ကို တစ်ယောက်ယောက်က လှမ်းခေါ်ရင် ဘယ်တော့မှမျက်နှာတစ်ခုလုံး လှည့်မလာသေးဘူး။ မျက်လုံးလေးတွေကပဲ ရွှေ့လို့ကြည့်သူဆီ အရင်ရောက်သွားပြီး တော်တော်ကြာမှ မျက်နှာလေးနဲ့ လည်တိုင်လေးပါ လိုက်ရွှေ့လာတတ်တယ်။ သူခေါင်းငုံ့နေတဲ့အခါမျိုးမှာ ခေါ်မိရင် သူက မျက်လုံးလေးတွေချည်းပင် လှန်စိုက်မော့ကြည့်တတ်ပြီးတော့ သူ့ကို အားက

www.burmeseclassic.com

www.burmeseclassic.com



လှမ်းခေါ်မိတဲ့အခါကျတော့ သူ့မျက်လုံးလေးတွေ ထောင့်ကပ်ကြည့်တဲ့အခါ မျက်စောင်းလေးထိုးသလို ဖြစ်သွားရော။ အဲဒီအခါမျိုးမှာဆို ကျွန်တော် အရမ်းကို ရင်ခုန်ရတာပဲ။

နောက်ပြီး သူ့လမ်းလျှောက်ပုံလေးကလဲ တစ်မျိုးပဲ။ ဘောက်ဆတ် ဘောက်ဆတ်နဲ့ ကော်ပတ်ရုပ်လေး သံပတ်ပေးထားတဲ့အတိုင်းပဲ။

သူက စကားပြောရင်လည်း လက်ဟန် ခြေဟန်တွေနဲ့ ပြောတတ်တယ်။ လက်နှစ်ဘက်ကို ဟိုဒီညွှန်လိုက်၊ ပုံစံအမျိုးမျိုးလုပ်ပြလိုက် စိတ်ပါလာရင် ကိုယ်ကလေး ယိမ်းလိုက်နွဲ့လိုက်နဲ့ တစ်ခါတစ်လေဆို သူပြောနေပုံလေး ချစ်စရာကောင်းလွန်းလို့ ငေးနေမိတာနဲ့ ဘာပြောသွားမှန်းတောင် မသိလိုက်ရဘူး။

မြင်ရသမျှမှာ သူဟာ တစ်ကိုယ်လုံးပဲ လှတယ်။ အပြစ်ဆိုစရာမရှိဘူးလို့ ဆိုရမလားဘဲ။ သူ့ခြေသလုံးသားလေးတွေဆို ဝင်းအိနေတာပဲ။ နောက်ပြီးတော့ သွယ်သွယ်ဖြိုးဖြိုးလေး။ သူ့ခြေဖမိုးလေးတွေကိုတော့ ကျွန်တော် အချစ်ဆုံးပဲ။ ဖောင်းဖောင်းအိအိကလေးနဲ့ တစ်ခါတစ်လေများဆို ကတ္တီပါသဲကြိုး ဖိနပ်ကျပ်ကျပ် စီးထားမိရင် သူ့ခြေဖမိုးသားလေးတွေထဲမှာ သဲကြိုးလေးတွေဟာ မြုပ်တောင်ဝင်နေတတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီအခါမျိုးမှာဆို ကျွန်တော် အရမ်းအသည်းယား တာပဲ။ သူ့ကိုလည်း နာကျင်မှာ စိုးရိမ်ပြီး ပူပန်နေမိတယ်။

သူနဲ့ပတ်သက်လို့ ဖြစ်နိုင်မယ်ဆို ကျွန်တော် လုပ်ချင်တာလေးတစ်ခုကတော့ သူ့ဆံပင်တွေကို လက်နဲ့ကိုင်ပြီး ခပ်သာသာ စုဆွဲကြည့်ချင်တယ်။ ခေါင်းနောက်ဘက်ဆီမှာ သူ့ဆံပင်လေးတွေ စုစည်းထားပုံဟာ သိပ်ကြည့်လို့ ကောင်းတာပဲ။

သူ့သွားချွန်ချွန်လေးတွေကိုလဲ လက်နဲ့ ထိစမ်းကြည့်ချင်သေးတယ်။ ဖြူစင်ပြည့်နှစ်နေတာလေးဟာ တကယ့်ကို ချစ်စရာလေး ...။

(နောက် သူပြုံးရင်ပေါ်တဲ့ ပါးချိုင့်လေးကို ရမယ်သာဆို ဖြုတ်ယူသိမ်းဆည်းပြီး တစ်သက်လုံးစာ အပိုင်ယူထားလိုက်ချင်တယ်။)

သူကသာ သဘောကောင်းစွာနဲ့ ဆံနွယ်မျှင်တွေလောက်ကိုပဲဖြစ်ဖြစ် နမ်းခွင့်ပေးမယ်ဆိုခဲ့ရင်တော့ အတိုင်းထက်အလွန်ပဲပေါ့။

ကျွန်တော့်အတွက်တော့ သူဟာ ဟိုးအမြင့်ကြီးက ကောင်းကင်တစ်ခုသာပါပဲ။ နေ့စဉ် မြင်တွေ့ခံစားနိုင်ပေမယ့် ...းစပ်နိုင်ခြင်းမရှိ။ ဘဝချင်းက ကွာခြားလွန်းလှပါတယ်။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်တော့်အတွက် တော်ရာအဖြစ်နဲ့သာ နှစ်သိမ့်နေရှုံပါပဲ။

ဘာပဲဖြစ်ဖြစ် သူ့နားနေရတဲ့အတွက် ကျွန်တော်ပျော်တယ်။

နေထွက်တာကို ရွှန်းရွှန်းစားစား ကြည့်တတ်တဲ့ ကျွန်တော်ဟာ နေဝင်တာကိုလဲ ရဲရဲဝံ့ဝံ့ ကြည့်ရဲရမှာပေါ့။ တစ်ချိန် သူနဲ့ဝေးကြရမယ်ဆိုလဲ ကျွန်တော် ဖြေနိုင်မှာပါ။ အခုတော့ သူ့နားလေးမှာနေ၊ နားထဲကြားနေရတဲ့ သံစဉ်တွေမှာ ချိုမြ၊ ဘယ်လိုမှ လှည်းကျင်းရှင်းထုတ်မရတဲ့ ဝတ်မှုန်ပန်းဖွားတွေဆိုင်းနေတဲ့ကြားမှာပျော်ရင်း တိမ်ပြာတာ၊ နှင်းကျတာ၊ မိုးရွာတာ၊ လေတိုက်တာ အကုန်ကို နှစ်သက်စွာ ထိုင်ငေးနေမိခဲ့တယ်။

ရိုးစင်းလှတဲ့ သူနဲ့ ကျွန်တော့်ရဲ့အဖြစ်အပျက်ထဲမှာ ထွေပြားမှုဆိုတာမရှိဘဲနဲ့ ဆန်းပြားတဲ့ တိုက်ဆိုင်မှုအဖြစ် သူနဲ့ ကျွန်တော်ရဲ့ကြားမှာ ပင်လယ်ဟာ ထူးထူးခြားခြား ပတ်သက်နေတာသာရှိခဲ့တယ်။

ကျွန်တော် မရောက်ဖူးပေမယ့် သူမရဲ့အကြည့်တွေကနေ ပင်လယ်လှိုင်းလုံးတွေရဲ့ရသကို ရဖူးတယ်။

တစ်ခါတစ်ခါကျတော့လဲ ကျွန်တော် စိတ်ရှုပေါက်တဲ့အခါ ကျွန်တော့်စိတ်တွေ ပင်လယ်လှိုင်းတွေ ဖြစ်သွားပြန်

www.burmeseclassic.com



ရော။ သူမနဲ့ ကျွန်တော်ရဲ့ အခြေအနေတွေကို နားလည်နေရတဲ့ သိစိတ်ကလေးကတော့ ကျောက်ဆောင်ပေါ့။ ဒါပေမယ့် လှိုင်းတွေခမျာ ဘယ်တော့မှ ကျောက်ဆောင်ကို မကျော်နိုင်ခဲ့ရှာပါဘူး။

သူ့မျက်ဝန်းတွေကလဲ အနက်ရောင် ဆိုပေမယ့် တကယ်တမ်း ရင့်တည်တဲ့အပြာရောင်သာပါ။ နက်ရှိုင်းတဲ့ သူမရဲ့ မျက်လုံးတွေဟာ ပင်လယ်ရနံ့တွေနဲ့ ကျွန်တော့်ကို အမြဲ အသိရခက်စေပေါ့။

နောက်ဆုံး ကျွန်တော့်ရင်ထဲ ရှေးမဆွက တည်ရှိဘူးတဲ့ ကျွန်းလေးတစ်ကျွန်းဟာ အမျိုးအမည်မသိ ပင်လယ်လိုရေတွေရဲ့အောက်မှာ နစ်မြုပ်သွားခဲ့ရတာ တကယ်ပါဆိုတာတော့ သူ့ကိုပြောရင် ယုံပါ့မလား မသိဘူးလေ ....။

www.burmeseclassic.com

www.burmeseclassic.com



# တွယ်တာသူဝေး ( ၆ )

## အလွမ်းကြွေတဲ့သစ်ပင်

www.burmeseclassic.com

www.burmeseclassic.com



## အလွမ်းတွေကြွေတဲ့သစ်ပင်

အချစ်တစ်ခုလုံးကိုတောင် အဆုံးရှုံးခံပြီးမှတော့
ငါရဲ့...
အဖြူရောင်တောင်ပံတစ်စုံကိုလဲ အဆုံးရှုံးခံဝံ့ပါတယ်
ငါ့ဘဝမှာ
ကဗျာတွေရယ်၊ နင်ရယ်ပဲ ရှိခဲ့။
တွယ်တာစရာတွေဆိုတာ ရင်နာစရာတွေများလာလို့

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေစဉ်းစားတယ်။

မင်းရဲ့

ခရမ်းပြာရောင်နှုတ်ခမ်းပါးလေးတစ်စုံကို ချစ်တယ်။

လက်ဖျံကြောလေးတွေရဲ့

ဖောင်းမို့နေတဲ့ အပြာရင့်ရောင်ကို ချစ်တယ်။

တကယ်တော့ ချစ်ရတယ်ဆိုတာဟာ ရှုံးနိမ့်ရတာပါပဲ။

တစ်ခါတလေ

အတိတ်အကြောင်း အမှတ်ရစရာတွေပြောကြရင်ဖြစ်ဖြစ်

သူငယ်ချင်းတွေနဲ့ ရယ်ပွဲဖွဲ့ကြရင်ဖြစ်ဖြစ်

ဆံစတွေရှည်ရှည် ရီဝေဝေအကြည့်တွေနဲ့

ကောင်လေးတစ်ယောက်ကို

နင်... သတိရမိမှာပါ။

ဟိုးတုန်းက ....

ကျောင်းတော်ကြီးရဲ့ ခေါင်းလောင်းသံတစ်ခုအပြီးမှာ

ငါ ဖိနပ်ပြုတ်သွားခဲ့တယ်။

ရယ်တော့ အရယ်ရသား

ရုပ်ရှင်တွေထဲမှာ လိုမဟုတ်ပဲ

မိန်းကလေးဖြစ်တဲ့ နင်က

ငါ့ဖိနပ်အတွက် ချိတ်ကလေး လာပေးခဲ့ရတယ်နော်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းအနေနဲ့တော့ ဒါဟာ

အမှတ်တမဲ့ ကိစ္စတစ်ခုပါပဲ။

သူတစ်ယောက်ရဲ့

အိပ်ရာဘေးက ယွန်းသေတ္တာလေးတစ်ခုထဲမှာ

ထာဝရရှိသွားမယ့် အရာတစ်ခုကိုပေးဖြစ်ခဲ့မှန်း

နှင်းဘယ်သိမှာလဲနော်။

သူငယ်ချင်းတွေက ရယ်တယ်။

ငါက ရင်တွေခုန်နေတယ်။

ဟော့ကောင်... အခြေအနေကောင်းတယ်၊ ကြိုးစားတဲ့။

ငါ့ဘဝရဲ့ အမှတ်ရစရာတွေထဲမှာ

ဖော်ဝင်းထွန်းရဲ့ ဦးချစ်ဆိုင်ကရေနွေးအိုးထဲ ထည့်သောက်ခဲ့ရဲ့

တဲ့အရက်တစ်ခွက်ရယ်၊ စာကလေး နှစ်ဆယ့်နှစ်ကောင်ရယ်၊

အဓိပတိလမ်းရယ်၊ နှင့်ခေါင်းပေါ်က အမှတ်တမဲ့လွင့်ကျခဲ့တဲ့

နှင်းဆီပန်းလေးတစ်ပွင့်ရယ်... ။

တကယ်တော့ ဒါတွေအားလုံးဟာ

အခုတော့၊ ငါဒိုင်ယာရီဟောင်းတွေနဲ့ ယွန်းသေတ္တာလေးထဲမှာ

သာ ကျန်ရစ်ခဲ့ပါပြီ။

ဟောမန်လွင် တဲ့

နှင်ဟာ ငါ့အကြိမ်ကြိမ်ရေးချင်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



သက်ရှိကဗျာတစ်ပုဒ်ပေါ့

အဲဒီကဗျာရဲ့ အစတစ်ပိုဒ်ကတော့

သက်ပြင်းချသံတွေနဲ့ ...

ခေါင်းငုံထားတဲ့အောက်က မဝံ့မရဲအကြည့်တွေရယ်လေ...

ငါဟာ

ကဗျာတစ်ပုဒ်ကို

စရုံစပြီး အဆုံးမသတ်ရဲတဲ့ကောင်ပါ။

နင့်အိမ်ရှေ့မှာ ငါမနက်အစောကြီး လာစောင့်နေတာတွေကို

သိလား။

နင်ဈေးဝယ်ဖို့ထွက်လာတဲ့အခါ

ငါမျက်နှာချင်းဆိုင်တိုက်ရဲ့ ထောင့်ချိုးမှာကွယ်နေတတ်တာကို

ရောသိလား။

ငါက အဲဒါကြောင့်ပဲ

အမြဲတမ်း ကျောင်းနောက်ကျပါတယ်။

အနက်ရောင်နေ့တွေရဲ့ အလျားကရှည်လွန်းလှတယ်။

လေထဲမှာလွင့်သွားတဲ့ သံစဉ်တွေဟာ

ဘယ်တော့ ပွဲတင်ပြန်လာမလဲ။

ငါဟာ

ဟင်းလင်းပြင်လေဟာထဲမှာမှ

www.burmeseclassic.com

www.burmeseclassic.com



ရင်ကွဲအောင် အော်ဟစ်ခဲ့သူပါ။
မိုးတွေရွာနေတာဟာ ကဗျာတစ်ပုဒ်ဖြစ်တယ်လို့
နင်ပြောတာငါကြားဖူးတယ်။
ငါကတော့ မိုးရည်တွေကြားထဲကမှ
ငို့မျော်လင့်ချက်တွေကို ကောက်ရခဲ့တာပါ။
မြင်မြင်ချင်းကျွန်တော်ကိုမှတ်မိတဲ့ အတွက်ကျေးဇူးတင်ပါတယ်။
အတန်းထဲသားချင်းတွေပဲလေ
ငါခေါင်းငုံ့နေခဲ့ရတယ်။
မရိုးသားတဲ့၊ ရင်ထဲကစိတ်ကို
အကြည့်တွေကတဆင့် နင်သိသွားမှာစိုးလို့ ...။
လူတွေ လျစ်လျူရှုခံထားရတဲ့ အဖြစ်ကနေ
နင်ကတရင်းတနှီး ဆက်ဆံလာတော့
ငါသိပ်ဝမ်းသာတယ်။
ကဗျာတစ်ပုဒ်ရေးရင် အချိန်ဘယ်လောက်ကြာလဲ။
ဟင်း .. ဟင်း ကျွန်တော်အခုရေးနေတဲ့ ကဗျာတစ်ပုဒ်ကတော့
ဘယ်တော့မှ ပြီးမှာမဟုတ်ဘူးနဲ့. တူပါရဲ့ဗျာ။
တကယ်လည်း မပြီးခဲ့ပါဘူး။
အရှုံးတစ်ယောက်ရဲ့ တစ်ပိုင်းတစ စိတ်ကူးတွေလိုပေါ့
တစ်ခါက သူငယ်ချင်းတွေလို့ ပြောရမလား

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနေဘက်တွေပဲ ပြောရမလား
ငါ့ဆီမှာ
နင့် ပရက်တီကယ်စာအုပ်လေးရှိပါတယ်။
စာမေးပွဲတွေ နီးတုန်းကပေါ့
မဆုံးနိုင်တဲ့ အမှတ်ရစရာတွေနဲ့
ဒီညလဲ ဆက်ပြီး ညဥ့်နက်ရဦးမှာပါပဲ
ညရှည်ယင် အိပ်မက်ရှည်သတဲ့။
သူ့အိမ်ရှေ့သွားမစောင့်ကြည့်တော့ဘူး
သူတွေ့သွားမှာစိုးလို့ ...
ဆုံနေပေမယ့် သူမတွေ့ရင် မခေါ်ရဲဘူး
သူစိတ်ဆိုးမှာစိုးလို့ ...
ကျွန်တော်ဟာ အရူးလား?
အလကားနေရင်း ကြောက်နေတဲ့သူလား?
နေ့တစ်နေ့နဲ့ နောက်တစ်နေ့ကို
ပြက္ခဒိန်ကွက်လေးတွေထဲက နေ့ဖြတ်ပြီး
အဝေးကြီးတွေမှာ ထားလိုက်ချင်တယ်
ဘဝဆိုတာတွေ ဘာတွေ ကျွန်တော်မပြောပါဘူး။
ဒါပေမယ့် ကျွန်တော်စိတ်မှာသူက နီးလွန်းပြီး
သူ့စိတ်မှာ ကျွန်တော်က ဝေးလွန်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



နေ့ပြီးရင် ည လာသလို
မိတ်ဆွေပြီးရင် သူငယ်ချင်း
ပြီးတော့... ချစ်သူတွေဘဝ ရောက်လာရင်ကောင်းမယ်
တွေဝေနေတာလို့တော့ ဝန်မခံချင်ဘူး။
အဲဒီတော့ မင်းဘာဆက်လုပ်မလဲ၊ မသိဘူး၊ သူ့သဘော
ထားကိုရော ဘယ်လိုမြင်သလဲ။ မသိဘူး။ မင်းဟာက ဟုတ်ရော
ဟုတ်သေးရဲ့လား။ မသိဘူး။
ဆောင်းနှင်းမှုန်တွေ တဖြည်းဖြည်း သိပ်သည်းလာနေသလား။
အဝေးကြီးရောက်နေလာရတဲ့ အလင်းဟာ ကျွန်တော့်ရင်ထဲရောက်
ဖို့သိပ်အားနည်း လွန်းလှတယ်။
အိပ်မက်တွေ လူစဉ်မမီလောက်အောင် စိတ်ထဲမှောင်လွန်းနေ
တဲ့ကြားက ချစ်သူကိုပဲ တမ်းတမိခဲ့
ဂစ်တာကြိုးလေး ရုတ်တရက်ပြတ်သွားတယ်။
အင်းလျားရေပြင်ပေါ်ကို ခဲလုံးလေးတစ်လုံး အသံတိတ်ကျသွား
ခဲ့တယ်။
သူငယ်ချင်းကသွားပါပြီကွာတဲ့၊ ဂစ်တာကိုချလို့ အဝေးဆီထ
သွားတယ်။
ကားတစ်စင်းဝူးကနဲ အပြင်းမောင်းထွက်သွားတယ်။
နောက်မှာ မီးခိုးတွေတအူအူကလွဲလို့ ဘာမှမကျန်ခဲ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှုတ်တရက် ကျောင်းထွက်သွားခဲ့တယ်။
နိုင်ငံခြားထွက်သွားတာလား?
အဝေးသင်ပြောင်းသွားတာလား?
ဒါမှမဟုတ် အိမ်ထောင်များပြုသွားလို့လား?
ကျွန်တော်တို့ နှစ်ယောက်ရဲ့ ဆက်ဆံရေးလိုပဲ အရာရာဟာ
ဘာမှမရေရာပါဘူး။
အားမလျှော့နဲ့တဲ့။ သူငယ်ချင်းတွေကပြောတယ်။
ဖိနပ်ဦးနဲ့ မြေမွမွကိုဆက်ခါဆက်ခါ ထိုးဖွနေမိတယ်
ခြေနဲ့ယက်တဲ့ တွင်းဟာအနက်ကြီး ဖြစ်သွားရင်ကောင်းမယ်
အဲဒီတွင်းထဲဝင်ပြီး ဘယ်သူမှမမြင်အောင်
တိတ်တိတ်လေး ပုန်းနေချင်ပါတယ်။
ကြိုးတွေ အကုန်ပြတ်သွားပေမယ့် ဂီတာအိုလေးကတော့
ဆက်ပြီး ရှိနေတုန်းပဲ။
စိန်ပန်းပင်ကြီးမှာလဲ အပွင့်တွေမရှိတော့ဘူး
သူဟာ ဝဋ်ခံနေရတာမျိုးလဲ ဖြစ်နိုင်ပါတယ်။
မြေပြင်ပေါ်မှာ အမြစ်တွယ်နေတာကြောင့်
လေနဲ့လွင့်ပါသွားချင်ပေမယ့်လဲ
ဆက်နေနေရတာမျိုးပေါ့။
လက်ပတ်နာရီလေး ပျက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



မပြင်တော့ဘူး။

ရက်စွဲက အောက်တိုဘာလ ၂၃ရက်၊ ၄နာရီနဲ့ ၃၇မိနစ်။

တစ်ခါက

ရန်ကုန်တက္ကသိုလ် ရုက္ခဗေဒသင်တန်းမှာ

လူတစ်ယောက် စာသင်ခဲ့ဘူးတယ်။

အဲဒီလူမှာ၊ သူနဲ့

၁၅ကြိမ်သာ စကားပြောခွင့်ရခဲ့ပြီး

၃၄ကြိမ်သာ မျက်နှာချင်းဆိုင်ခွင့်ရခဲ့တဲ့ ကောင်မလေးတစ်

ယောက်ရှိခဲ့တယ်။

ပြီးတော့

သူဟာ

သိပ်

ချစ်

တတ်

ခဲ့

ပါ

တယ်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## မြနန္ဒာ

မြနန္ဒာ။ ဒီဂန္ထဝင်ဆန်ဆန်လှတဲ့ နာမည်လေးကို ရွတ်ဆိုမိတဲ့အခါ ကိုယ့်ရင်ထဲမှာ သွေးတွေ ဆူပွက်လှုပ်ရှား လာတယ်။ မင်းဟာ လူတိုင်းမက်မောဖွယ် အပင်မြင့်တစ်နေရာက သစ်သီးမှည့်ဝါဝါပဲ မြနန္ဒာ။ မင်းရဲ့နာမည်ဟာ ကိုယ့်အတွက် အချိုသာဆုံးသီချင်းပါ။ ကြယ်ကြွေညရဲ့ဂီတ၊ အိပ်မက်များရဲ့ မယ်လိုဒီနဲ့ ... မြနန္ဒာ မင်းဟာ ကိုယ့်ရဲ့ အဝေးရောက် ကောင်းကင်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



စကားတစ်လုံးဟာ ဂါထာတစ်ပုဒ်လိုပဲ တန်ခိုးတွေ ရှိတယ်ဆိုတာ ကိုယ်အရင်ကမသိဘူး မြနန္ဒာ။ မင်းနာမည် အက္ခရာသုံးလုံးဟာ ကိုယ့်အတွက် တကယ်ပဲ ဂါထာသုံးပုဒ်ပါ။

မြ ... န ... န္ဒာ။

(မင်းဟာ ရတနာတစ်ပါး၊ အဖိုးထိုက်လွန်းတဲ့ ရတနာ တစ်ပါးပါ။ တွေ့ကြုံဆုံဆည်းသမျှ အရာရာကို ဒူးထောက် ညွတ်ကျသွားစေနိုင်တဲ့ ညို့ဓါတ်ပါ။ ကမ္ဘာမြေရဲ့ အလွင်ကြည် ဆုံး ဆည်းလည်းသံပါ။) ပြီးတော့ ... ကိုယ်နဲ့ပတ်သက်နေတဲ့ အတွက် မင်းဟာ "နတ်ဆိုးစောင့်တဲ့ ပန်း" ပေါ့။

ဘာအတွက် ကိုယ်မွေးဖွားခဲ့သလဲဆိုတာ မသိဘူး မြနန္ဒာ။ ဒါပေမယ့် ... ကိုယ်ဟာ မင်းအတွက် ဆက် အသက် ရှင်နေတာ ... ။

(မင်းကို ယုယမြတ်နိုးဖို့ရယ် ... ပြီးတော့ ဘယ်သူ ကမှလဲ ယုယမြတ်နိုးခွင့် မရစေဖို့ရယ်ပဲ ကိုယ်ကြိုးပမ်းခဲ့။ "အတ္တ" ကြီးတယ်လို့ မင်းဆိုချင်ဆိုနိုင်ပါလိမ့်မယ်။ "အတ္တ" များတယ်လို့တော့ မင်းဆိုနိုင်လိမ့်မယ် မဟုတ်ဘူးပေါ့။ ဘာလို့ ဆို ကိုယ့်ရဲ့ တစ်ကြောင်းတည်းသော "အတ္တ" ဟာ မင်းနဲ့ အကြွင်းမဲ့ ချစ်ခွင့်ရဖို့ပဲ မြနန္ဒာ။)

ကိုယ်က ...

www.burmeseclassic.com

www.burmeseclassic.com



(မုန့်ကိုလည်း ဝေမစားတတ်ပါ။ အချစ်ကိုလည်း ဝေမစားတတ်ပါ။ မင်းကို ရှိသမျှ သွေးကြောတွေပေါက်ထွက် လောက်အောင်ချစ်သလို ရှိသမျှ သွေးကြောတွေ အကုန်လုံးနဲ့လည်း ရစ်ပတ်ထားချင်သူပါ။)

(မင်းရဲ့ ...

အကြည့်၊ အပြုံး၊ ပျော်ရွှင်မှုနဲ့ ရင်ခုန်မှုတို့မှန်သမျှရဲ့ ဦးတည်ရာဟာ ကိုယ့်ဆီပဲဖြစ်နေစေချင်တာ မှားသလား။ တကယ်လို့ ကိုယ်မှားသွားခဲ့ရင်လဲ အဲဒီအမှားအတွက် ကိုယ့်ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုကိုဖြစ်စေ၊ ပေးဆပ်စွန့်လွှတ်ဖို့ ဝန်မလေးဘူး မြနန္ဒာ။ ဒါပေမယ့် မင်းကိုတော့ ဘယ်တော့မှ စွန့်လွှတ်လိမ့်မယ် မဟုတ်ပါ။)

မြနန္ဒာ။ မင်းကို ပိုင်ဆိုင်ခွင့်ရခဲ့ကတည်းက ပျော်ရွှင်မှုနဲ့ သောကဟာ နေ့နဲ့ညလို ကိုယ့်ဆီ တစ်လှည့်စီ ရောက်ရှိလာခဲ့ကြတယ်။ တကယ်လို့ ကိုယ်ဟာ ရာဇဝင်တစ်လျှောက်က်အကောင်းဆုံးလူဖြစ်မယ်ဆိုရင် ရာဇဝင်တစ်လျှောက် အပူလောင်ဆုံးလူဟာလဲ ကိုယ်ပဲ ဖြစ်ပါလိမ့်မယ်။

မင်းရဲ့ ညှို့ဓါတ်ဆီ ကမ်းလှမ်းလာတဲ့ လက်များစွာ၊ ဖြားယောင်းသွေးဆောင်မှုများစွာရဲ့ကြားမှာ ကိုယ်ဟာ နှစ်ဆယ့်တစ်ရာစု ဦးရဲ့ အူအတိုတတ်ဆုံး ငနဲတစ်ယောက် ဖြစ်ခဲ့ပြီ။ မင်းဟာ ကိုယ့်ဒေါသမိုင်းဖုံးရဲ့ စနက်တံပဲ မြနန္ဒာ။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးသူတွေပေါ် ကိုယ်ကြွမ်းကြုတ်မိစေတဲ့ မီးပွားလေးလဲ ဖြစ်တယ်။ ကိုယ်ဟာ မင်းကို ပိုင်ဆိုင်ရခြင်းမှာပဲ အခါခါ ဆုံးရှုံးနေရတဲ့ လူတစ်ယောက်ပါ။

ဘယ်တော့မှ ကတိမတည်တတ်တဲ့ မင်းကို ယုံကြည်ရမလား။

ကမ္ဘာဦးလူသားလို အရှက်နဲ့သိက္ခာကို နားမလည်တတ်တဲ့ မင်းကို ယုံကြည်ရမလား။

ဘာမဆို အလွယ်တကူ တိမ်းမူးတတ်တဲ့ မင်းကို ယုံကြည်ရမလား။

မြန္နာ။ ကိုယ့်အတွက်တော့ မင်းဟာ မူးယစ်ဆေးဝါးနဲ့ တူတယ်။ စွဲလမ်းစေရုံအပြင် ဘာမှ အကျိုးမရှိပါ။

ဒါပေမယ့် ဘယ်မူးယစ်ဆေးဝါးအမျိုးအစားကိုမှ မနှစ်သက်တတ်ခဲ့တဲ့ ကိုယ်က မင်းနဲ့ပတ်သက်ခဲ့မိတာ အဆိုးရွားဆုံး လွဲချော်မှုပါဘဲ။

မင်းဟာ ငှက်တစ်ကောင်လို ကိုယ့်ကို လှောင်ချိုင့်ထဲမှာ အကျဉ်းချ။ ပြီးတော့ လှောင်ချိုင့်ထဲကလွဲလို့ ဘယ်မှ မကျက်စားတတ်တော့ချိန်မှ တံခါးဖွင့်လို့ အတင်းမောင်းလွှတ်နေပြန်ပေါ့။

ကိုယ့်က အသနားမခံတတ်ပါ။ မင်းမုန်းချင်ရင် မုန်းလိုက်ပါ။ ဒါပေမယ့် မင်းနား ဆက်နေခွင့်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးတစ်ယောက်ဖြစ်တဲ့ ကိုယ့်ကို ငရဲကျမယ်လို့ ပြောရင် မင်းထက်ဆိုးတဲ့ငရဲဆိုတာ ရှိသေးလားလို့ မေးချင်တယ်။ ငရဲကြီးရှစ်ထပ်မှာ မင်းကြောင့်ကျခဲ့ရတဲ့ငရဲဟာ နာမည်မှည့်မထားပေမယ့် အကြမ်းတမ်းဆုံးလို့ ထင်တယ်။ မြန်မာဆိုတာ ကိုယ်ရဲ့ တစ်သီးပုဂ္ဂလ ဝဋ်ဒုက္ခတစ်ခုပါပဲ။ ဒါကို ငါသိလျက် အကုသိုလ်မကုန်သရွေ့တော့ ရှေ့ဆက် ငါခံသွားဦးမယ်။

သုံးနှစ်တာဆိုတာ မင်း ကိုယ့်ကို ငြီးငွေ့သွားစေဖို့ ကောင်းကောင်းလုံလောက်ခဲ့မှန်း သိပါတယ်။

ဒါပေမယ့် ကိုယ်က တွယ်တာသွားစေဖို့လည်း ကောင်းကောင်း လုံလောက်ခဲ့တယ်။

အကြောင်းရင်းကတော့ မင်းက ကြာလေလေ ငြီးငွေ့သွားတတ်ပြီး ကိုယ်ကတော့ ကြာလေလေတွယ်တာလာတတ်တဲ့ အဆန့်ကျင်ဆုံးခြားနားမှုပါပဲ။

ယုံကြည်စွာ ကိုယ့်ရဲ့ပျော်ရွှင်မှုကို မင်းလက်မှာ အပ်နှင်းထားမိခဲ့။ မင်းရဲ့စကားတစ်ခွန်းဟာ ကိုယ့်အတွက် လောကဓံတရားရှစ်ပါးပါပဲ။ ကိုယ့်ကို ရူးသွားအောင်လဲ လုပ်နိုင်တယ်။ ယစ်မူးအောင်လဲ ညှို့နိုင်တယ်။

ကမ္ဘာမြေရဲ့ အနက်ရှိုင်းဆုံး ချောက်ကမ်းပါးအောက် ခြေကလို သိမ်ငယ်မှုမျိုးနဲ့ မင်းနား ရင်ကော့ ခေါင်းမော့နေခဲ့။

www.burmeseclassic.com

www.burmeseclassic.com



မြန္မာဟာ ကိုယ့်အတွက် အသံတိတ် ငိုကြွေးမှုပေါ့။ မင်းကျော်ခိုင်းလိုက်တာနဲ့ မှောင်အတိကျသွားမယ့် ကမ္ဘာမှာ ကိုယ်နေတယ်။

မင်းဆီက ကိုယ်မက်မောတာတစ်ခုထဲရှိတယ်။ အဲဒါဟာ "မင်း" ပဲ။

ကိုယ့်ဆီက ပြန်ပေးနိုင်တာလဲ တစ်ခုပဲရှိတယ်။ အဲဒါဟာ "အချစ်" ပဲ။

မြန္မာ...။ မြန္မာ...။ မြန္မာ...။ မြန္မာ...။

အမိုက်မ မြန္မာ။ အရိုင်းမ မြန္မာ။ သစ္စာဖျက်မ မြန္မာ။

မင်းကို မုန်းတယ် မြန္မာ။ မုန်းသလောက်ပဲ ချစ်တယ်။ ချစ်သလောက်ပဲ ရွံတယ်။ ရွံသလောက်ပဲ တပ်မက်တယ်။ တပ်မက်သလောက်ပဲ စက်ဆုပ်တယ်။ စက်ဆုပ်သလောက်ပဲ ကြောက်တယ်။ ကြောက်သလောက်ပဲ ကိုးကွယ်တယ်။ ကိုးကွယ်သလောက်ပဲ အထင်သေးတယ်။ အထင်သေးသလောက်ပဲ မြတ်နိုးတယ် မြန္မာ။

ကမ္ဘာမှာ မင်းလောက်ဖောက်ပြန်တတ်တဲ့ မိန်းမမရှိသလို မင်းလောက်တွယ်တာစရာကောင်းတဲ့မိန်းမလဲမရှိပါ။

မင်းဟာ အနက်ရောင်ပါ။ မင်းဟာ မီးလျှံပါ။ မင်းဟာ ကျိန်စာပါ။ မင်းဟာ ရက်စက်ခြင်းပါ။ မင်းဟာ အပြာရောင် ကြက်ခြေခတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မြနန္ဒာ …။ ကိုယ် မနက်ဖြန်ရဲ့အလင်း၊ ကိုယ့်ဝိညာဉ်ရဲ့သီချင်း၊ ကိုယ့်ရာဇဝင်ထဲက မင်းသမီးလေး မြနန္ဒာ …။ မင်းဟာ နှစ်သက်ကြည်နူးမှုကို ဖြစ်စေတယ်။ ပီတိကို ပွားစေတယ်။ ပြီးတော့ ကိုယ့်ကိုလဲ လူပီသစေပါတယ်။

လူသားတစ်ယောက် ချစ်နိုင်သမျှရဲ့ အဆုံးထိ မင်းကို ငါချစ်ခဲ့။ လူသားတစ်ယောက် ခံနိုင်ရည်ရှိသမျှရဲ့ အဆုံးထိလဲ ဆက်ပြီး ငါခံသွားဦးမယ်။ မင်းကို ကိုယ့်ခံစားချက်ရောက်နိုင်စွမ်းတဲ့ အနက်ရှိုင်းဆုံး ခရီးတာအကွာအဝေးထိ စွဲလန်းသွားမယ် မြနန္ဒာ။

ဘာကြောင့်လဲလို့တော့ မမေးပါနဲ့။ အဲဒီအတွက် ကိုယ့်မှာ အဖြေလုံးဝရှိလိမ့်မယ် မဟုတ်ပါ။

တစ်ခါတစ်လေ ကိုယ်လေ စဉ်းစားကြည့်တယ်။

မင်းဟာ လူယောင်ဆောင်ထားတဲ့ နတ်ဆိုးတစ်ပါး ဖြစ်လိမ့်မယ်။ ဒါမှမဟုတ်ရင်လဲ နတ်ဆိုးတစ်ပါး ဖန်ဆင်းထားတဲ့ လူဖြစ်လိမ့်မယ်။

ကိုယ့်ကို ပြောင်းလဲဖို့ရယ်၊ ဒဏ်ခတ်ဖို့ရယ် … ။ မြနန္ဒာဆိုတဲ့ အိပ်မက်လေးကို ကိုယ့်ဘဝထဲ သွတ်သွင်းပေးခဲ့ပေါ့။ တကယ်သာ အဲဒီလိုဆိုရင်တော့ သူ နောင်တရလိမ့်မယ်။

မင်းကို ကိုယ်ချစ်တယ်။ နောက် ထာဝရထိလည်း အဆုံးမဲ့ ဆက်ချစ်သွားမယ်။ အဲဒီအတွက်တော့ ကိုယ့်ကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ပြောင်းလဲမှာမဟုတ်ဘူး မြနန္ဒာ။ မင်းအတွက် ပင်ပန်းဆင်းရဲခြင်းကြီးခဲ့ပေမယ့် အဲဒါကို ဒုက္ခလို့လဲ ကိုယ်မခံယူဘူး။ ပြီးတော့ အချစ်တစ်ခုကလွဲလို့ ဘာမှ ကိုယ်ပြန်မပေးဘူး။ မင်းဟာလဲ ကိုယ့်ဘဝထဲက ဘယ်တော့မှ ပြန်ထွက်ခွာခွင့်မရတော့ဘူး။ ငါသေဆုံးသွားသည်အထိပေါ့။

(ကျွန်တော့်ချစ်သူသို့ ...)

နံနက် ၁၀း၄၅ နာရီ
၂၀-၄-၂၀၀၅

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# အချစ်တစ်ခုထဲဖြင့်သာ

မမျှော်လင့်တာတွေ ဖြစ်မလာစေဖို့အတွက်
အကောင်းဆုံးကတော့
ဘာကိုမှ မျှော်လင့်ချက်မထားတာပါပဲ။

(အကျင့်လေးတစ်ခုကို စွဲမြဲနေခဲ့သည်မှာ ကြာပြီ။
ရှေ့ဘက် တစ်နေရာရာမှ သူမ ဖြတ်လျှောက်သွားတိုင်း၊

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းများနှင့် ရယ်မောစကားပြောနေတတ်သော သူမကို မြင်ရလေတိုင်း ... မည်မျှ ကာလရှည်ကြာသည်ဖြစ်စေ သူမ အပေါ်၌ ထာဝရ စောင့်စားနေချင်သော ထိုအကျင့်သည် မွှားများသည်ထက် မွှားများ၍လာခဲ့၏။

ကိုယ့်အတွက်မဟုတ်သော အပြုံးလေး မပို့တပီ၊ ကိုယ့်ဖို့ မရည်စူးသော ပွင့်လင်းဖော်ရွေဟန် အသွင်သဏ္ဌာန် လေးတို့သည် ဖြည်မရနိုင်သော ကြိုးအထုံးပေါင်းများစွာဖြင့် ကိုယ့်ကို ရစ်ဖွဲ့နှောင်တည်းထားခဲ့၏။ စိတ်မာတင်ပြင်းထန်လှ သည်လဲ မဟုတ်ပါဘဲနှင့် တုံ့ပြန်ခြင်းမခံရသော အချစ်တို့ အတွက် အားမလျော့မိသည်မှာ အဘယ်ကြောင့်ပါနည်း။ ပါးလျလှသော မျှော်လင့်ချက်ကလေးကိုဖြစ်စေ မက်မောလှစွာ ဆုပ်ကိုင်ထားချင်မိ၏။

ခါးသီးသောအတွေ့အကြုံပေါင်းများစွာ သူမကြောင့် ရခဲ့ဖူးသည်။ စတွေ့သည်မှ ယခုထိ အဆိုးဘက် တဖြည်းဖြည်း ပြောင်းလဲခဲ့သော သူမ၏ ဆက်ဆံရေးတို့တွင် တစ်ခုတည်း သော မပြောင်းလဲသည့်အရာမှာ စိမ်းကားခြင်းသာ ဖြစ်၏။ တစ်ယောက်က ချစ်သည့်အတွက် တစ်ယောက်က မုန်းနေ သည်မှာ လိုက်ဘက်ညီမျှသော ကိစ္စတစ်ရပ်တော့ မဟုတ်ပါ။

ကိုယ့်အပေါ်ထားရှိသည့် သူမ၏ အမုန်းများနှင့် အတိုင်းအဆညီစွာ သူမကို ပြန်လည်ကာ မြတ်နိုးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



(တကယ်ပင် ရိုးစင်းစွာဖြင့် သူမကို ချစ်ခဲ့ရ၏။) သူမကလည်း ရိုးစင်းစွာပင် ကိုယ့်ကို ပြန်လည်၍ မုန်းတီးခဲ့ပါသည်။ အကြောင်းနာစွက်သံသည့် ကိုယ့်တောင်းခံမှုပေါင်းများစွာသည် သူမအတွက် စိတ်ရှုပ်စရာ အနှောင့်အယှက်ပေါင်းများစွာသာ ဖြစ်ခဲ့၏။

အမျက်နှင့်ကြည့်သည့် မျက်ဝန်းတို့ရှေ့မှောက်တွင် မြင်သမျှအရာတိုင်းသည် အပြစ်သင့်နေလိမ့်မည်ဖြစ်မှန်း ကိုယ်နားလည်နိုင်ပါသည်။ သို့သော် ဝမ်းနည်းရသည်က သပ်သပ်ဖြစ်၏။ သူမ၏ ... အပြုံးမဲ့ငြင်းပယ်ခြင်းတို့တွင်၊ ဂရုဏာမဲ့ရက်စက်ခြင်းတို့တွင် တစ်ခါတစ်လေ အံတင်းတင်းကြိတ်ရင်း ကိုယ်ကြေကွဲရဘူး၏။

စတွေ့ကတည်းက ကိုယ်က သူမကို စိတ်ဝင်စားခဲ့ပြီး၊ သူမက ကိုယ့်ကို ကြည့်မရဖြစ်ခဲ့ပါသည်။ အားလုံးထဲမှ အဆိုးဆုံးအရာမှာတော့ တဖြည်းဖြည်း သူမကို ကိုယ်ချစ်မိသွားခဲ့ခြင်းပင် ဖြစ်ပါလိမ့်မည်။

မျက်မုန်းကျိုးနေသူတစ်ယောက်၏ ချစ်ခင်ခြင်းကို တခြား ဘယ်သူကမှ ကျေကျေနပ်နပ် လက်သင့်ခံနိုင်လိမ့်မည် မထင်ပါ။ ကံကြမ္မာမှလွဲ၍ ဒီအတွက် အပြစ်ဆိုစရာလဲ တခြား ဘယ်သူမှမရှိ။ သူမ၏ ဆက်ဆံရေးအား ကိုယ့်ဒိုင်ယာရီစာမျက်နှာများထက် မင်နီကြက်ခြေခတ်များဖြင့် မှတ်သားထားခဲ့ခြင်းကိုသာ ကိုယ်လုပ်နိုင်စွမ်းခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြတ်သွားသော သူမ၏ရက်စက်မှုတစ်ခုစီတိုင်းတွင် ကိုယ့်ဝင်္ဒနာများ အတိုင်းမသိဖြစ်ခဲ့ရသည်။ လမ်းတကာထက် သူ့ရှုးတစ်ယောက်လိုလျှောက်ရင်း မိုးလင်း၊ မိုးချုပ်သွားသည့် နေ့များစွာကို မအိပ်ဘဲ မျက်လုံးကြောင်တောင် ထိုင်ကြည့်ခဲ့ဖူး၏။ "ပျော်ရွှင်မှု" ဆိုသည်ကို ဘယ်လို စာလုံးပေါင်းရမလဲ။ သူမရှေ့၌ အကြိမ်ပေါင်းများစွာ မေ့လျော့ခဲ့ဘူးသည်။

အတိတ်ဖြစ်သွားသော ထိုနေ့ရက်များစွာကို ပြန်သတိရမိတိုင်း အံ့သြမှုနှင့်အတူ ပြန်ဆန်းစစ်မိသည်မှာတော့ ကိုယ်ခံနိုင်ရည်ပဲဖြစ်သည်။ အမုန်းနှင့် ယဉ်ပါး၊ နေသားကျနေသူတစ်ယောက်လိုပင် ကိုယ်က မဆုတ်မနစ်ရှိလွန်းသည်။ နိုင်စားမှုပေါင်းများစွာအား အန္တအတာခံလျက် သူ့နားဆက်နေနိုင်ခဲ့ခြင်းအတွက် ကိုယ့်မှာ လုံလောက်သော အဖြေမရှိ။ သူမ၏ တုံ့ပြန်မှုတို့ဆိုသည်ကတော့ ပထမဆုံးအကြိမ် ချဉ်းကပ်ခဲ့စဉ်ကတည်းက လုံးဝငြင်းဆန်ခဲ့ခြင်းတို့သာ ဖြစ်ပါသည်။

ခံစားရပေါင်းများလို့ ရိုးသွားခဲ့ပြီလားဆိုလျှင်တော့ ကိုယ် သွက်သွက်ခေါင်းယမ်းရလိမ့်မည်ဖြစ်သည်။ သူမ၏ မျက်နှာလေး တစ်ချက်အညို၊ မာဆတ်ဆတ် စကားသံလေး တစ်ခွန်းလောက်သည်ပင် ကိုယ့်ဖို့ ရက်ပေါင်းများစွာ ဆန့်နံ့နာကျင်နေဖို့ရန် လုံလောက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကိုယ်သည် ကိုယ့်ကိုယ်ကို ပြန်နားမလည် နိုင်ဖြစ်ရလောက်အောင်ပင် ထူးဆန်းသူဖြစ်၏။ သူငယ်ချင်း တွေက ဘေးမှာဝိုင်းပြီး အသည်းယားရလောက်အောင်၊ သူမ မှာလဲ ကြာလေလေ ဒေါသတွေ ပိုဖြစ်ရလောက်အောင် ကိုယ်က မိုက်မဲခဲ့သူလည်းဖြစ်သည်။

တကယ်တော့ ဤအရာအားလုံးမှာ အရှုံးချည်း သက်သက်သာ ကိုယ့်အတွက် မျှော်လင့်စရာရှိသော ကစားပွဲ တစ်ပွဲပင်ဖြစ်ပါလိမ့်မည်။

နောက်ဆုံး တစ်နေ့တွင် မှုန်ဝါးမှိန်ဖျော့စွာ သူမ အပါးမှ လွင့်ပါးသွားရမည်မှန်းသိနေလျက်နှင့်ပင် နေခွင့်ရှိ သလောက် သူမနားဆက်နေခွင့်ရချင်မိ၏။ ကွယ်ရာ အဝေးမှ နေ၍ တိုးတိုးလေး အသံမဲ့စွာ သူမကို ငေးကြည့် မြတ်နိုးခွင့် ရနေခြင်းသည်ပင် ကိုယ့်ဘဝ၏ ပြည့်စုံမှုဖြစ်ပါသည်။

နှလုံးသားတစ်ခုစာ အဝေးမှ ပျပျကလေးမြင်ရသော သူမကိုမျှော်ရင်း ကိုယ့်ဘဝကန္တာရမှာ တစ်စထက်တစ်စ ကျယ်ပြောခဲ့ရ၏။ သူမသည် ကိုယ့်အတွက် အလိုအပ်ဆုံးနှင့် မဖြစ်နိုင်ဆုံးသော အတုမဲ့မျှော်လင့်ချက်လေး ဖြစ်သည်။ သက်ရောက်မှုတိုင်းအတွက် တန်ပြန်သက်ရောက်မှု ရှိတတ် သော်လည်း အချစ်တစ်ခုတိုင်းအတွက် တုံ့ပြန်အချစ်တစ်ခု ရှိလိမ့်မည်ဟု ဘယ်သူကမှ အာမမခံနိုင်သည့်အတွက် အစ

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ဝေးနှင့်ခဲ့ပြီးဖြစ်သော ကိုယ်တို့အဖြစ်ကလေး၏ အဖြေသည် ဗိုမိုဝေးကွာရခြင်းဟုသာ သိနှင့်ခဲ့ပြီးဖြစ်ပါသည်။ သူမသည် အိပ်မက်ထဲမှာပင် မဆုံဆည်းနိုင်ခဲ့သော ကိုယ့် ရှုးသွပ်ခြင်းလေးဖြစ်၏။

"တစ်ဘက်သက်အချစ်ဆိုတာ အဖြေမဲ့ မေးခွန်း တစ်ခုပါပဲ" ဆိုသော စကားပုံလေးတစ်ခု ကြားဖူးသည်။ ထိုအတိုင်းပင် မရှုံ့မရဲအကြည့်များ၊ မထင်မရှား ဟန်ပန် အမူအရာများဖြင့် သူမကို မေးခွန်းပေါင်းများစွာ ကိုယ်မေးခဲ့ ဖူးပါသည်။ မေးခွန်းများစွာသည် မေးခွန်းများအဖြစ်နှင့်သာ ကိုယ့်ဆီ ပြန်ရောက်လာကြ၏။ နောက်ဆုံး တုံ့ပြန်မှုမဲ့ မေးခွန်း များနှင့်သာ အထပ်ထပ် ပြည့်လျှမ်းလာသောအခါ တင်းခံ မထားနိုင်သော ကိုယ့်နှလုံးသားလေးသည်သာ တဖြည်းဖြည်း ဆွေးရိလာပါတော့သည်။ သူမကတော့ ဆက်ပြီး စိမ်းကား ဆဲပင်။

ချစ်နေသူနှင့် မုန်းနေသူတို့၏ အစမကောင်းခဲ့သော ဇာတ်လမ်းမိုန်နုပ်နုပ်ကလေးကို မည်သည့်အရာက အလျား ရှည်စေရန် ဖန်တီးပေးနေသလဲ ကိုယ်မသိပါ။ သူမသည် ကိုယ့်အတွက် သက်ရှိထင်ရှား ငရဲခန်းလေးတစ်ခု ဖြစ်နိုင်ခဲ့ သည်။ သို့သော် ခက်နေရသည်မှာ ကိုယ်က ထိုငရဲခန်းလေး ကို မက်မောနေမိခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် "ဒုက္ခတရား" တစ်ခုဖြစ်မည်ဆိုလျှင် ကိုယ်က ထိုဒုက္ခလေးကို ထာဝရ ခံစားလိုသည့်အတွက် ဒုက္ခ တွေ့နေရပါသည်။ ကျောမှာ ဒဏ်ရာအထပ်ထပ်ဖြင့် သွေးပျက် လုခမန်း နာကျင်နေသော်မှ ကိုယ်က ထိုညှဉ်းပန်းမှုကိုပင် ခံမင်နေခြင်းဖြစ်သည်။

ဒူးထောက် မတောင်းပန်ချင်သော်လည်း တစ်ခါ တစ်လေ သနားစိတ်ကလေးမျှ မပေါ်မိဘူးလားဟု သူမကို ကိုယ်မေးကြည့်ချင်မိ၏။ မည်မျှပင် မုန်းတီးဖွယ်ကောင်းနေ သော်လည်း ကိုယ်က လူသားတစ်ယောက်ပင်ဖြစ်နေသေး သည်ကို သတိမှုရပါလေစ။ အများသူငါကဲ့သို့ပင် ထိရှခံစား လွယ်တတ်သောစိတ်တို့ ရှိနေသည်ကို သူမ သိမှသိပါလေစ။

အားနည်းဖျော့တော့လွန်းသော နှလုံးသားတစ်ခု အတွက် အလွမ်းတို့ချည်း ထမ်းပိုးထားရသောအဖြစ်မှာ လေးလံလွန်းလှပါသည်။ ပညာနှင့်အကျင့်သိက္ခာများကို ဘေး ဖယ်၍ သူတောင်းစားတစ်ယောက်လိုသာ လမ်းဘေးမှာ ခြေပစ် လက်ပစ်ထိုင်လွမ်းနေချင်တော့၏။ တစ်ခါတစ်လေတော့လည်း ကလေးငယ်တစ်ယောက်လို ကိုယ်လိုချင်တာ လက်ညှိုးထိုး ငိုကြွေးကာ ပူဆာချင်လှပါတော့သည်။

သူမသည် ကိုယ့်ဘဝထဲ ပြက်ရယ်ပြုဖို့အတွက်ပင် ရောက်လာခဲ့သည်လား။

www.burmeseclassic.com

www.burmeseclassic.com



အပြစ်ဒဏ်ပေးဖို့အတွက် ဝင်ရောက်လာခဲ့သည် လော။

ထာဝရဆုံးရှုံးနိမ့်ပါးစေရအောင် ဝင်ရောက်လာခဲ့ သည်လား။

မည်သို့ပင်ဆိုစေ အချစ်ဆိုသောအရာမှာ သူမနှင့် တွေ့မှ ကိုယ့်အဘိဓာန်တွင် စတင်ပေါ်ပေါက်ခဲ့ရ၏။ ထို့အတူ ပျော်ရွှင်ခြင်းဟူသော စကားလုံးသည်လည်း အပြီးတိုင် ကွယ် ပျောက်ခဲ့ရ၏။

သူမက ကိုယ့်ကိုချစ်တတ်အောင် သင်ကြားပေးခဲ့ သည်။ သို့သော် အချစ်တို့ကိုတော့ အပ်နှင်းခြင်း မရှိခဲ့။ ထို့အတွက် ကျေးဇူးတင်ရမည်လား၊ နာကျည်းရပါမည်လား သေချာသည်ကတော့ ဒီတစ်သက် သူမ တစ်ဦးတစ်ယောက် တည်းသာ အကြွင်းမဲ့ ဆက်ချစ်သွားတော့မှာပဲ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



# တွယ်တာသူတေး ( ၉ )

မင်းကိုငါချစ်တယ်

www.burmeseclassic.com

www.burmeseclassic.com



၁

# မင်းကိုငါချစ်တယ်

ဒါဟာ ... ။ မင်းနဲ့ပတ်သက်ပြီး ငါအစောဆုံး ပြောချင်ပေမယ့် နောက်အကျဆုံးမှ ပြောထွက်မိတဲ့ စကား တစ်ခွန်းပဲ။ ဒါဟာ ငါ့ရဲ့ အပြောချင်ဆုံးနဲ့ မင်းရဲ့ မကြားချင် ဆုံး စကားတစ်ခွန်းပဲ။ ဒါဟာ ငါ့ ခုန်နေတဲ့ သွေးကြောတွေ ထဲကနေ လောကကို ဖောက်ခွဲထွက်လာတဲ့ စကားတစ်ခွန်းပဲ။ နောက်ပြီး အသံမဲ့ပေမယ့် အစူးရှဆုံးဖြစ်တဲ့ စကားတစ်ခွန်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ စကားလုံး ငါးလုံး၊ ရင်ခုန်သံ ငါးချက်၊ ရည်ရွယ်ချက်တစ်ခုနဲ့ မရည်ရွယ်ချက်တစ်ခု ပါဝင်တယ်။ ဂန္ထဝင်မြောက် စကားတစ်ခွန်းပါပဲ။ ဒါပေမယ့် မင်းကို ငါ ပြောဖို့ကြံလိုက်တိုင်း လေထုဟာ ပိုအေးစက် ငြိမ်သက်သွားတယ်။ အငြိမ်အာရုံနဲ့ အလှမ်းမမီတဲ့နေရာက ပန်းတစ်ပွင့် ချက်ချင်းပွင့်ပြီး ချက်ချင်းကြွေကျသွားတယ်။ ပိုင်ဆိုင်အနိုင်ရမှု ဆိုတာကို မစဉ်းစားမိနိုင်ခင် ရှုံးနိမ့်မှုဟာ ရနံ့တွေ တဖွားဖွား ဝေလာတတ်ပါတယ်။

(မင်းကိုငါချစ်တယ်။ အဲဒီစကားဟာ တစ်ယောက် ထဲတော့ ကြိမ်ဖန်များစွာ ငါပြောခဲ့ဖူးတာပဲ။ မင်းရှေ့ရောက် တဲ့အခါကျ ငါ့ကို လက်ပစ်ဗုံးတစ်လုံး ငုံထားမိသလိုဖြစ် စေတဲ့စကားလည်း ဟုတ်တယ်။)

အမှန်တကယ်တမ်းပြောရရင် ဒီအချစ်ဆိုတာကို ငါ မယုံကြည်ဘူး။ (ဒါပေမယ့် မင်းကိုတော့ ငါချစ်တယ်။ ရင်ထဲမှာ တကယ်ခံစားလာရရင် စကားလုံးတွေဟာ တော်တော် သေးဖွဲ သိမ်နုပ်လွန်းလှတယ်။) စိတ်မှာ တင်းတင်းကြပ်ကြပ်ရှိနေတာ ကို ဘယ်လိုစကားလုံးမျိုးနဲ့ ဖော်ထုတ်မလဲ။

"အချစ်" လို့ ဆိုတဲ့ လျှာဖျားကနေ ပေါ့ပေါ့လေး လှုတိုင်းပြောလို့ရတဲ့ စကားဟာ တကယ်တမ်း ငါ့ခံစားချက် မဟုတ်ပါဘူး။ ဒါပေမယ့်လည်း တခြား ထိုက်တန်တဲ့စကား

www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိတဲ့အတွက် မင်းနဲ့ ပတ်သက်လို့ ငါခံစားချက်နဲ့ပတ်သက်လို့ ထပ်ပြီး ဒီစကားကိုပဲ ပြောရပါဦးမယ်။ မင်းကို ငါချစ်တယ်။

ဒီရာစုနှစ်အတွက် အရှေ့တောင်အာရှရဲ့ အထူးခြားဆုံးကိစ္စတွေထဲမှာ မင်းကိုငါ ချစ်မိသွားခြင်းဟာ တစ်ခု အပါအဝင်ဖြစ်လိမ့်မယ်နဲ့တူတယ်။ ဘာကြောင့် ချစ်မိသွားသလဲ မစဉ်းစားနိုင်ခင်မှာ ငါသိလိုက်ရတာက မင်းကို ငါချစ်တယ်။ ဘယ်လိုမှ မဖြစ်နိုင်မှန်းသိပေမယ့် အဲဒီ ချစ်မိသွားတဲ့စိတ်ဟာ ရင်ထဲ ရုတ်တရက်ရောက်လာတဲ့အခါ ငါ့မှာ အံ့ဩရုံသာ တတ်နိုင်တော့တယ်။

"အချစ်" ဟာ အသံတိတ် ကိရိယာတပ်ထားတဲ့ သေနတ်က ပစ်လွှတ်လိုက်တဲ့ ကျည်ဆံလို ငါ့ရင်ကို လျင်လျင်မြန်မြန်နဲ့ ငြိမ်ငြိမ်သက်သက် ဖောက်ဝင်ခဲ့တယ်။ တစ်ယောက်ကိုတစ်ယောက် အမုန်းတီးဆုံးမိသားစုနှစ်ခုကနေ ပေါက်ဖွားလာတဲ့ ဆန့်ကျင်ဘက်လူနှစ်ယောက်ကြားမှာလဲ အချစ်ဆိုတာ ရှင်သန်လာတတ်ပါသလား။

ပတ်ဝန်းကျင်က မင်းကိုမုန်းဖို့ အကြိမ်ကြိမ်ပြောနေချိန်မှာ ငါ့နှလုံးသားက မင်းကိုချစ်ဖို့ အကြိမ်ကြိမ် ...ားချနေ

www.burmeseclassic.com

www.burmeseclassic.com



လေရဲ့။ မင်းအတွက် မခံမရပ်နိုင်ဖြစ်စရာစကားတွေ ခဏခဏ ပြောခဲ့ပေမယ့် အဲဒီစကားတို့နောက်က ဆန့်ကျင်ဘက် အဓိပ္ပါယ်ကိုလည်း မင်းခံစားရစေချင်မိတယ်။

အချစ်နဲ့အမုန်းမှာ တူညီတာတစ်ခုရှိတယ်။ တစ်စုံတစ်ယောက်ရဲ့ ခံစားချက်ကို ပြင်းပြလိုက်လှဲ့စေတတ်တယ်။ အဲဒီ ပြင်းပြလှိုက်လှဲတဲ့ ခံစားချက်ဟာ မင်းကိုချစ်တဲ့ဘက်မှာ ပြောင်းရွှေ့ပေါက်ဖွားတဲ့အခါ ငါ့ရင်ကို အရှုံးတစ်ပိုင်း ဖြစ်စေပါတော့တယ်။

မုန်းချင်ယောင်ဆောင်ပြီး မင်းနဲ့ဆုံဆည်းဖို့ ကြိုးစားတယ်။ လှောင်ပြောင်သလိုမျက်ဝန်းတို့နဲ့ (မင်းဆီ မက်မက်မောမော စိုက်ကြည့်ခဲ့၊ မင်းရဲ့အသံကို နားထောင်ရဖို့အတွက် မင်းနဲ့ စကားများရခြင်းမှာလဲ ငါသာယာနေခဲ့တယ်။)

(တစ်ခါတစ်လေ မှန်ထဲပြန်ကြည့်ရင်တောင်မှ ငါ့ကိုယ် ငါမမြင်ဘဲ မင်းပုံရိပ်ကိုမြင်မိတယ်။ စွဲလန်းခြင်းဆိုတာ ဘာလဲလို့ မမေးနဲ့ ... အဲဒါဟာ "မင်း" ပဲ။) အချစ်ဆိုတာကိုလဲ ရှည်ရှည်ဝေးဝေး ငြီကာချဲ့မနေနဲ့။ "မင်း" ဟာ အချစ် ... အချစ်ဟာ "မင်း" ပဲ။

ဒါကြောင့် ...

မင်းကိုငါချစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်များ ... အမုန်းခြားထားတဲ့ ကမ်းပါး နှစ်ဘက်မှာ မင်းနဲ့ငါ့ကို လောကက နေရာချထားပေးခဲ့တာလဲ။

မင်းဟာ ငါ့ပြိုင်ဘက်ဖြစ်တယ်။ တစ်ပြိုင်တည်းမှာပဲ မင်းဟာ ငါ့အိပ်မက်ဖြစ်တယ်။

မင်းဟာ ငါ့အဆိုးနက္ခတ်ဖြစ်တယ်။ တစ်ပြိုင်တည်း မှာပဲ မင်းဟာ ငါ့အန္တေဝါသိက်ဖြစ်တယ်။

မင်းဟာ ငါ့မာနဖြစ်တယ်။ တစ်ပြိုင်တည်းမှာပဲ မင်းဟာ ငါ့ဂီတဖြစ်တယ်။

မင်းကို ငါ့မျက်နှာထက်က ဒဏ်ရာအမာရွတ်လေး တစ်ခုလို စိတ်ရှုပ်နေရင်းက အဲဒီအနာတရလေးကိုပဲ စွဲစွဲ လန်းလန်း ခုံမင်နေမိပြန်တယ်။ (အခါများစွာ မင်းဟာ ငါ့ကို စိတ်အထားအသို လွဲစေခဲ့သူပါပဲ။)

မင်းကို ငါချစ်တယ်။ ဒါဟာ ငါ့ကို ကြိမ်ဖန်များစွာ ညှို့နေတဲ့ အရှုံးခေါ်သံဖြစ်တယ်။

ဘဝမှာ တစ်ကြိမ်တစ်ခါလောက်တော့ မာနတွေ မပါဘဲ၊ ပတ်ဝန်းကျင်မပါဘဲ၊ ပညတ်ချက်နဲ့ ဥစ္စာဓနတွေ မပါဘဲ၊ လောဘ ဒေါသ မောဟ မပါဘဲ၊ "မင်း" ဘာဆိုတာ "ငါ" ဘာဆိုတာမပါဘဲ မင်းနဲ့ နှလုံးသားချင်း တိုက်ရိုက် ဆက်သွယ်စကားပြောခွင့်ရချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲက ထွက်လာတဲ့ စကားလုံးချည်းသက်သက်ကို အဲဒီစကားလုံးတွေရဲ့ ဆင့်ပွားအနက်အဓိပ္ပါယ်တွေမပါဘဲ မင်းနဲ့ စကားတွေအများကြီး ပြောခွင့်ရချင်တယ်။

တို့တွေ ဘယ်လိုယူဆတယ်။ ဘယ်လို သက်ရောက်သွားစေတယ်။ နောက်ဆုံး ပြောသင့်တယ် မပြောသင့်ဘူးဆိုတာကအစ တို့စကားလုံးတွေထဲမှာ မေ့ထားကြမယ်။

တကယ်တော့ ဘဝမှာ လူဖြူလူမည်းပြဿနာလည်း အရေးမကြီးပါဘူး။ ကုန်ဈေးနှုန်းလည်း အရေးမကြီးပါဘူး၊ လေထုညစ်ညမ်းမှုလည်း အရေးမကြီးပါဘူး၊ ကမ္ဘာ့ဖလား ဘောလုံးပွဲလည်း အရေးမကြီးပါဘူး၊ ဆူနာမီလည်း အရေးမကြီးပါဘူး၊ ဘင်လာဒင်လည်း အရေးမကြီးပါဘူး၊ မာရီယာ ရှာရာပိုဗာလည်း အရေးမကြီးပါဘူး။

တကယ်တမ်းတော့ ... ဘဝမှာ ... ဘာဆိုဘာမှ အရေးမကြီးပါဘူး။

မင်းနဲ့ငါရဲ့ကြားမှာ မင်းနဲ့ငါပဲ အရေးကြီးပါတယ်။

လဲလှယ်လို့သာရမယ်ဆိုရင် မင်းလက်ကလေးနဲ့ ဆုပ်ကိုင်စကားပြောခွင့်ကို လောကကြီးရဲ့ ဂုဏ်ပကာသန အားလုံးနဲ့ လဲလှယ်ချင်တယ်။

ဖြည့်ဆည်းလို့သာရမယ်ဆိုရင် မင်းနား ထာဝရ နေထိုင်သွားခွင့်အတွက် အရိုးတွေအမှုန့်ဖြစ်လို့ ငါ့သွေးစက်တွေ အငွေ့ပျံသွားတဲ့အထိ ကြိုးစားချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



(ဆုတောင်းလို့သာရမယ်ဆိုရင် မင်းနဲ့ စက္ကန့်တိုင်း ပေါင်းခွင့်ရဖို့ကို စက္ကန့်တိုင်း ဆုတောင်းနေမယ်။)

ငါ့ကို မင်းချစ်ဖို့ဆိုတဲ့ မျှော်လင့်ချက်မပါဘဲနဲ့ မင်းကို ငါချစ်တယ်။ မင်းကို ငါချစ်ရတဲ့အကြောင်းပြချက်ဟာလဲ မင်းကို ငါချစ်လို့ပဲဖြစ်တယ်။ ငါလုပ်နေသမျှ အလုပ်တွေထဲမှာ မင်းကို ငါချစ်နေခြင်းဟာ ငါ့အတွက် အကျိုးမရှိဆုံးပါပဲ။ ဒါပေမယ့် အဓိပ္ပါယ် အလေးနက်ဆုံးဖြစ်နေတာတော့ ခက်တယ်။

ချစ်သူလို့ လူသိရှင်ကြား ငါခေါ်ခွင့်မရပေမယ့် မင်းကွယ်ရာမှာ တိုးတိုးလေး အကြိမ်ပေါင်းများစွာ ရေရွတ်ခဲ့၊ (ငါတစ်သက်တာမှာ နှုတ်က အကြိမ်ရေအများဆုံးခေါ်ခဲ့တဲ့ စကားလုံးဟာလဲ မင်းနာမည်ပဲဖြစ်တယ်။)

(မင်းကြောင့်ပဲ ဆင်ခြင်တုံတရားနဲ့ အချစ်ဟာ ငါ့ရင်မှာ အမြဲ တိုက်ပွဲတွေ ဆင်ကြရ ... ။ ဘယ်သူမှ အနိုင်မရပေမယ့် ငါ့အသက်ရှူမဝ ဖြစ်လာတယ်။ ငါ့မျက်နှာ ပိုမှုန်ကုပ်ကုပ်ဖြစ်လာတယ်။ နောက်ပြီး ... မင်းကို ပိုချစ်လာတဲ့အတွက် တစ်လောကလုံးကို ငါပိုမုန်းတတ်လာပါတယ်။

သေချာပါတယ်။

ဘယ်နှစ်ကြိမ်စဉ်းစားစဉ်းစားလဲ ဒီအဖြေပါပဲ။ မင်းကို ငါချစ်တယ်။ ဒါကြောင့် ကြာရင် ငါရူးသွားတော့မယ်။)

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့သာ ... ငါတို့တွေကြားထဲ ခွဲခွာခြင်းဆိုတဲ့ သူစိမ်းဟာ အလျှင်အမြန်ကြီးရောက်ချမလာခဲ့ဘူးဆိုရင် အရာရာဟာ မပြောင်းမရွှေ့ဘဲ ဆက်ရှိနေဦးမှာပါ။

ငါတို့ကြားထဲက ဆက်ဆံရေးဟာ ငါတို့ကြားက ဆက်ဆံရေးအတိုင်းပဲ ရှိနေဦးမယ်။

ငါ့ရင်ထဲက စကားတွေကလဲ ငါ့ရင်ထဲက စကားတွေအတိုင်း ရှိနေဦးမယ်။

မင်းကိုမြတ်နိုးတဲ့ ခိုးကြောင်ခိုးဝှက် စွဲလန်းနေတဲ့ စိတ်ဟာလည်း မြတ်နိုးစွဲလန်းစိတ်အဖြစ်ပဲ ဒီအတိုင်း ဆက်ရှိနေဦးမယ်။

အဲလိုသာဆို ငါတို့ရဲ့ တိတ်တဆိတ်ဇာတ်လမ်းကလေးဟာလဲ တရွေ့ရွေ့အချိန်တွေကြားမှာ တိုးတိုးတိတ်တိတ်ပဲ ပြီးဆုံးသွားကြမှာပါပဲ။

အခုတော့ မျှော်လင့်ချက်ကင်းမဲ့နေတဲ့အဖြစ်တို့ကြားမှာပဲ မျှော်လင့်မထားတဲ့ အကြောင်းတစ်ခုဟာ ဖြစ်ပွားခဲ့တယ်။

ရုတ်တရက် မင်းလက်ထပ်တော့မယ်ဆိုတာ ကြားတဲ့အခါ မတုန်လှုပ်မိပေမယ့် ကြေကွဲမိကြောင်းတော့ ဝန်ခံချင်ပါတယ်။ မင်းကိုငါချစ်တယ်ဆိုတဲ့ စကားကို ဒီတစ်သက် ပြောခွင့်မရတော့ဘူးလို့ တွေးလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ... ငိုကြွေးခြင်းဆိုတာ ရယ်မောနေရင်းဖြစ်ဖြစ်၊ အလုပ်တွေ တက်တက်ကြွကြွ လုပ်နေရင်းကဖြစ်ဖြစ်၊ ဘယ်လိုပုံစံမျိုးနဲ့မဆို ပြုလုပ်လို့ရမှန်းလဲ ငါနားလည်လိုက်ရပါတယ်။

ဒါပေမယ့် မင်းရင်ထဲကခံစားချက်တစ်ခုကိုမှ ထည့်မတွက်မိတဲ့အတွက် ငါမှားသွားတယ်။

လှောင်ပြောင်ချင်တာလား၊ ပြတ်သားတာလား၊ သနားတာလား၊ သဘောရိုးနဲ့ပဲလား ... ငါဟာ လူကဲခတ်ညံ့သူဖြစ်ကြောင်း ခံစားချက်ကို ဖိတ်စာတစ်ခုနဲ့အတူ မင်းကမ်းပေးသွားတယ်။

ဘာကြောင့် ငါ့ကိုမှ တမင်ရွေးပြီး ဖိတ်ရတာလဲ မျိုးရိုးစဉ်ဆက် အာဃာတတွေ ကြွေစေချင်တာလား ဘာကြောင့် ဆက်ဆက်လာခဲ့ဖို့ ပြောရတာလဲ ...

ဘယ်လိုမှ ဟန်မထိန်းနိုင်တဲ့ ငါ့အမူအရာ တွေ့မြင်ရက်နဲ့ မင်းဆက်ရပ်နေတာဟာ အဆိုးဆုံးပဲ၊ စကားလဲမဆိုဘဲ ရပ်နေတဲ့ မင်းမျက်ဝန်းထဲကအရိပ်တွေဟာ ငါ့ကို ပဟေဠိတစ်ခုနဲ့အတူ ရှုံးသွပ်စေတယ်။

မင်းကို ငါချစ်တယ်။

လွတ်ကနဲ ... ၊ မင်းလက်တွေကို ဆုပ်ကိုင်ရင်း ငါပြောခဲ့

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ငိုကြွေးမှုတစ်ခုနဲ့အတူ မင်းပြေးထွက်သွားခဲ့တယ်။

တကယ်တော့ ဘဝကြီးကိုယ်၌က အသိရခက်လွန်းတဲ့ ပုစ္ဆာပါတဲ့။ အဲဒီပုစ္ဆာမှာ "အချစ်" ဆိုတာ နားမလည်နိုင်လွန်းတဲ့ အဆင့်တစ်ဆင့်ပေါ့။

ဘာတွေကို ငါဆုတောင်းရဦးမှာလဲ။

ဘယ်သို့ ငါကြိုးပမ်းရမလဲ။

တကယ်လို့သာ ဖြစ်နိုင်မယ်ဆိုရင်တော့ လောကကြီး [illegible] အားလုံးကို အဝေးပြောင်းရွှေ့လို့ မင်းနဲ့ [illegible] ထာဝရနေထိုင်သွားချင်တယ် …

မင်းကို ငါချစ်တယ်!

ဒီစကားကလွဲ ငါဘာမှ ထပ်မပြောချင်ဘူး။ ပြောလဲမပြောတတ်တော့ဘူး။

ဒါမှ မဖြစ်နိုင်တော့ရင်လဲ နှုတ်ဆိတ်ပြီးပဲ နေလိုက်တော့မယ်။

တစ်သက်လုံးပဲ။

www.burmeseclassic.com

www.burmeseclassic.com



# တွယ်တာသူတေး ( ၁၀ )

## ကျွန်တော်နှင့်အချစ်

www.burmeseclassic.com

www.burmeseclassic.com



## ကျွန်တော် နှင့် အချစ်

ရုတ်တရက် ...
ပန်းတစ်ပွင့်၏အနံ့ကို စိမ်းစိမ်းရွှားရွှားရ၏။ ●
အခါများစွာက ကျွန်တော် မေ့ဖျောက်ထားခဲ့သော
ပန်းတစ်ပွင့်ဖြစ်သည်။
ကြောက်ရွံ့၍၊ ခံနိုင်ရည်မရှိ၍
ကြိတ်မှိတ်မေ့ဖျောက်ထားခဲ့ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် လက်ထဲမှနေ၍
ပန်းတစ်ပွင့်ကို ရက်စက်စွာ လွှတ်ချလိုက်၏။
အဖူးဘက်မှ ဦးစိုက်နိမ့်ဆင်းကာ
ဖြေးလေးစွာ ကျဆင်းလာသည်။
အလွန်အမင်း အဟုန်နှေးစွာ ပန်းပွင့်ကျဆင်းနေသည်။
သို့မဟုတ် ထိုသို့ ကျဆင်းနေသည်ကို အနှေးပြရုပ်ရှင်ကားလို
ကျွန်တော် ပြတ်ပြတ်ထင်ထင် မြင်နေရ၏။
တင်းမာသော ကြမ်းပြင်ဆီရောက်၍ ထိခတ်မိသောအခါ
ပန်းသည် အစိတ်စိတ်အမွှာမွှာ ကွဲကြေကုန်သည်။
ဝန်းကျင်အနှံ့ ပန်းပွင့်လှိုင်းများ ဖြာထွက်ကုန်ကြသည်။
လွင့်စင်၍သွားသော ပန်းကွဲစများအားလုံးသည်
ကျွန်တော့်နှလုံးသားဆီ ပေါင်းရုံးစုဝင်ကုန်ကြ၏။
ကျွန်တော့်နှလုံးသားမှာ
ပွန်းပဲ့ဒဏ်ရာများစွာဖြင့် သွေးချင်းချင်းနီ၏။
ထိုခဏ၌ပင် (ထိုနေ့၌ပင်) ကျွန်တော် သေဆုံးသွားသည်။
ပြိုကွဲသွားသည်ဟုဆိုက ပိုမှန်ပေလိမ့်မည်။
ကျွန်တော့်ခန္ဓာကိုယ်သည် ရောင်စုံလိပ်ပြာကောင်များစွာအဖြစ်
ခွဲဖြာသွားကြ၏။
လိပ်ပြာတွေ ... လိပ်ပြာတွေ
တစ်ကောင်ပြီးတစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ခန္ဓာကိုယ်မှ ထွက်ပေါ် ထပျံကြသောအခါ
ခန္ဓာသည် တဖြည်းဖြည်း ပဲ့ရွဲ့ပုံပျက်၍ ကျန်ခဲ့၏။
တစစ လိပ်ပြာတွေ မို၍ များစွာ ပျံထွက်ခဲ့သည်။
ကိုယ့်ခန္ဓာကိုယ်သဏ္ဌာန်မှ လိပ်ပြာတို့ အစုအပေါင်းသဏ္ဌာန်ဆီ
မို၍ ပီပြင်လာပြီး
လိပ်ပြာများမှာ ခွဲခွာရန်းကြွ ပျံတက်ကြလေတော့သည်။
တဝုန်းဝုန်း လိပ်ပြာတို့ ပျံသန်းထွက်ခွာသွားသောအခါ
ကျွန်တော် မူလရပ်တည်နေရာတွင် ဘာမှ မကျန်တော့ ...
ကမ္ဘာမြေပေါ်မှ ကျွန်တော် ပျောက်ကွယ်သွားခဲ့ပြီဖြစ်၏။
လိပ်ပြာတို့သည် ပန်းပွင့်ရှိရာဆီ ရှေးရှုပျံသန်းသွားကြကုန်၏
ပန်းပွင့်၏ စက်ကွင်းအတွင်း ဝင်ရောက်သွားမိသောအခါ
ရောင်စုံလိပ်ပြာတို့၏ ကိုယ်မှ အရောင်များမှာ ... လွင့်ပါး၍
ပန်းပွင့်ယံ ကူးပြောင်းရောက်ရှိသွားကြ၏။
ကြည့်မောမဆုံးသော ရောင်စုံခြယ်ပွင့်လွှာများအဖြစ်
ပန်းပွင့် ဖြစ်တည်၍လာသည်။
ကောင်းချီးပေးသည့်နှယ်
ကောင်းကင်ယံမှ ဆီးနှင်းမှုန်များ
သိပ်သည်းစွာ တဖွဲဖွဲကျရောက်လာကြ၏။
မီးစပန်းဖွားများနှယ် နှင်းစက်မှုန်များမှာ ပူလောင်လွန်းလှသည်။
ဆီးနှင်းပုများအောက်တွင် ယောက်ယက်ခတ်ပြေးလွှားရင်း
ကျွန်တော့်မှာ ရပ်တည်ရာမရှိ!

www.burmeseclassic.com

www.burmeseclassic.com



နှင်းများ လောင်မြိုက်သဖြင့် ရုတ်ချည်း အရောင်ပြောင်းပေါ်
မီးလောင်ဖုကြီးများထလာ၏။
ပန်းပွင့်လွှာ၏အမိုးအောက်တွင်
ကျွန်တော် ခိုဝင်ပုန်းခို၏။
ကမ္ဘာလောကကြီးသည်
ခရမ်းသွေးရောင်အဖြစ် ပြောင်းလဲသွားသည်။
အဝေး ...
လှောင်အိမ်တစ်ခုထဲမှာ
ငှက်တစ်ကောင် မရပ်မနား တောင်ပံခတ်နေသည်။
တောင်ပံခတ်သံလှိုင်းများသည် ဂီတသံများပမာ
ကျွန်တော် နားထဲ စီးဝင်လာ၏။
နားမှတစ်ဆင့် ရင်၏ အနက်ရှိုင်းဆုံးဆီသို့ ...
နှလုံးအိမ်တွင်းမှာ ဖျပ်ကနဲ ဆီမီးညွန့်လေးတစ်စ
ထွန်းလင်းတောက်ပ၏။
ဘယ်ညာယိမ်းနွဲ့နေသော မီးညွန့်ကလေးဆီမှ အလင်းသည်
ရေပန်းများပမာ တသွင်သွင်စီးထွက်ကြ၏။
မြင်မြင်လေရာ မြေပြင်တဆုံး ရေတို့ ဖုံးလွှမ်းကုန်သည်။
လောက၏အပေါ်ယံ မျက်နှာပြင်သည် ရေဖြင့်ညီညာ၍သွား၏။
ရေလှိုင်းကြက်ခွပ်လေးများပေါ်တွင်
ငြိမ်းချမ်းစွာ၊ ညင်သာစွာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကျောခင်း ယိမ်းလှုပ်ကာ မျောပါ၍နေ၏။
ငှက်တစ်ကောင် မတိုးမကျယ်အော်မြည်၍
မနီးမဝေး ထက်ကောင်းကင်မှ ပျံသန်းသွားသည်။
ရေမျက်နှာပြင်ထက်မှ
ပက်လက်အနေအထားအတိုင်း ကျွန်တော် ရွေ့လျားနေ၏။
မြောက်ဝင်ရိုးစွန်းမှ ချိုမြိန်သော လေပြည်သည်
ကျွန်တော့်မျက်နှာဆီ ဆောင်ယူဖျန်းပက်၏
နေခြည်နုလေး ထွက်လာသည်။
ဘယ်တော့မှ မပူပြင်းတော့မည့် နေခြည် ...
ဘယ်တော့မှ မကြမ်းရှတော့မည့် လေပြည် ...
ဘယ်တော့မှ လှိုင်းမထန်တော့မည့် ရေပြင် ...
အချစ်ဆိုသည်မှာ
ထာဝရတည်တံ့မည့် ယားယံမှုလေး ဖြစ်ပါသည်။
နေခြည်နုလေး ထွက်လာသည်။
ကျွန်တော့်မျက်နှာဆီ ဆောင်ယူ ဖျန်းပက်၏
မြောက်ဝင်ရိုးစွန်းမှ ချိုမြိန်သော လေပြည်သည်။
ပက်လက်အနေအထားအတိုင်း ကျွန်တော် ရွေ့လျားနေ၏။
ရေမျက်နှာပြင်ထက်မှ
မနီးမဝေး ထက်ကောင်းကင်မှ ပျံသန်းသွားသည်။
ငှက်တစ်ကောင် မတိုးမကျယ် အော်မြည်၍

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကျောင်း ယိမ်းလှုပ်ကာ မျောပါ၍နေ၏။
ငြိမ်းချမ်းစွာ၊ ညင်သာစွာ
ရေလှိုင်းကြက်ခွပ်လေးများပေါ်တွင်
လောက၏အပေါ်ယံမျက်နှာပြင်သည် ရေဖြင့် ညီညာ၍သွား၏။
မြင်မြင်လေရာ မြေပြင်တဆုံး ရေတို့ ဖုံးလွှမ်းကုန်သည်။
ရေပန်းများပမာ တသွင်သွင် စီးထွက်ကြ၏။
ဘယ်ညာယိမ်းနွဲ့နေသော မီးညွန့်ကလေးဆီမှ အလင်းသည်။
ထွန်းလင်းတောက်ပ၏။
နှလုံးအိမ်တွင်းမှာ ဖျပ်ကနဲ ဆီမီးညွန့်လေးတစ်စ။
နားမှတဆင့် ရင်၏ အနက်ရှိုင်းဆုံးဆီသို့ ...
ကျွန်တော့်နားထဲ စီးဝင်လာ၏။
တောင်ပံခတ်သံ လှိုင်းများသည် ဂီတသံများပ...။
ငှက်တစ်ကောင် မရပ်မနား တောင်ပံခတ်နေသည်။
လှောင်အိမ်တစ်ခုထဲမှာ
အဝေး ...
ခရမ်းသွေးရောင်အဖြစ် ပြောင်းလဲသွားသည်။
ကမ္ဘာလောကကြီးသည်
ကျွန်တော် နိဝင်ပုန်းခို၏။
ပန်းပွင့်လွှာ ၏ အမိုးအောက်တွင်
မီးလောင်ဖုကြီးများထလာ၏။

www.burmeseclassic.com

www.burmeseclassic.com



နှင်းများ လောင်မြိုက်သဖြင့် ရုတ်ချည်း အရေပြားပေါ်
ကျွန်တော့်မှာ ရပ်တည်ရာမရှိ။
ဆီးနှင်းပူများအောက်တွင် ယောက်ယက်ခတ်ပြေးလွှားရင်း
မီးစပန်းဖွားများနှယ် နှင်းစက်မှုန်များမှာ ပူလောင်လွန်းလှသည်။
သိပ်သည်းစွာ တဖွဲဖွဲ ကျရောက်လာကြ၏။
ကောင်းကင်ယံမှ ဆီးနှင်းမှုန်များ
ကောင်းချီးပေးသည့်နှယ်
ပန်းပွင့် ဖြစ်တည်၍ လာသည်။
ကြည့်မောမဆုံးသော ရောင်စုံခြယ် ပွင့်လွှာများအဖြစ်
ပန်းပွင့်ထံ ကူးပြောင်းရောက်ရှိသွားကြ၏။
ရောင်စုံလိပ်ပြာတို့၏ ကိုယ်မှ အရောင်များမှာ ... လွင့်ပါး၍
ပန်းပွင့်၏ စက်ကွင်းအတွင်း ဝင်ရောက်သွားမိသောအခါ
လိပ်ပြာတို့သည် ပန်းပွင့်ရှိရာဆီ ရှေးရှုပျံသန်းသွားကြကုန်၏။
ကမ္ဘာမြေပေါ်မှ ကျွန်တော် ပျောက်ကွယ်သွားခဲ့ပြီဖြစ်၏။
ကျွန်တော် မူလ ရပ်တည်နေရာတွင် ဘာမှမကျန်တော့ ...
တဝုန်းဝုန်း လိပ်ပြာတို့ ပျံသန်းထွက်ခွာသွားသောအခါ
လိပ်ပြာများမှာ ခွဲခွာရန်းကြွ ပျံတက်ကြလေတော့သည်။
ပို၍ ပီပြင်လာပြီး
ကိုယ့်ခန္ဓာကိုယ်သဏ္ဌာန်မှ လိပ်ပြာတို့ အစုအပေါင်းသဏ္ဌာန်ဆီ
တစစ လိပ်ပြာတွေ ပို၍ များစွာ ပျံထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာသည် တဖြည်းဖြည်း ပဲ့ရွဲ့ ပုံပျက်၍ ကျန်ခဲ့၏။
ကျွန်တော့်ခန္ဓာကိုယ်မှ ထွက်ပေါ် ထပျံကြသော အခါ
တစ်ကောင်ပြီးတစ်ကောင်
လိပ်ပြာတွေ ... လိပ်ပြာတွေ
ခွဲဖြာသွားကြ၏။
ကျွန်တော့်ခန္ဓာကိုယ်သည် ရောင်စုံလိပ်ပြာကောင်များစွာအဖြစ်
ပြို့ကွဲသွားသည်ဟုဆိုက ပိုမှန်ပေလိမ့်မည်။
ထိုခဏ၌ပင် (ထိုနေ့၌ပင်) ကျွန်တော် သေဆုံးသွားသည်။
ပွန်းပဲ့ဒဏ်ရာများစွာဖြင့် သွေးချင်းချင်းနီ၏။
ကျွန်တော့်နှလုံးသားမှာ
ကျွန်တော့်နှလုံးသားဆီ ပေါင်းရုံးစုးဝင်ကုန်ကြ၏။
လွင့်စင်၍သွားသော ပန်းကွဲစများအားလုံးသည်။
ဝန်းကျင်အနှံ့ ပန်းပွင့်လိုင်များ ဖြာထွက်ကုန်ကြသည်။
ပန်းသည် အစိတ်စိတ်အမွှာမွှာ ကွဲကြေကုန်သည်။
တင်းမာသော ကြမ်းပြင်ဆီရောက်၍ ထိခတ်မိသောအခါ
ကျွန်တော် ပြတ်ပြတ်ထင်ထင် မြင်နေရ၏။
သို့မဟုတ် ထိုသို့ ကျဆင်းနေသည်ကို အနှေးပြရုပ်ရှင်ကားနှင့်
အလွန်အမင်း အဟုန်နှေးစွာ ပန်းပွင့်ကျဆင်းနေသည်။
ဖြေးလေးစွာ ကျဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖူးဘက်မှ ဦးစိုက်နိမ့်ဆင်းကာ
ပန်းတစ်ပွင့်ကို ရက်စက်စွာ လွှတ်ချလိုက်၏။
သူမသည် လက်ထဲမှနေ၍
ကြိတ်မိတ် မေ့ပျောက်ထားခဲ့ခြင်း ဖြစ်၏။
ကြောက်ရွံ့၍၊ ခံနိုင်ရည်မရှိ၍
ပန်းတစ်ပွင့် ဖြစ်သည်။
အခါများစွာက ကျွန်တော်မေ့ပျောက်ထားခဲ့သော
ရုတ်တရက် ...
ပန်းတစ်ပွင့်၏ အနံ့ကို စိမ်းစိမ်းရွှားရွှားရ၏။

သွန်းနေစိုး

www.burmeseclassic.com